မှတ်ပုံတင်အမှတ်—၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ပြန်တမ်း

အမှတ် ၁၁ ] ရန်ကုန်မြို့ { ၁၃၇၄ ခုနှစ်၊ တပေါင်းလဆန်း ၄ ရက် ( ၂၀၁၃ ခုနှစ်၊ မတ်လ ၁၅ ရက် ) } သောကြာနေ့ [ အတွဲ ၆၆

ဤအပိုင်းကို သီးခြားစုပေါင်း၍တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။

## အပိုင်း ၁

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်သမ္မတရုံး**

**အမိန့်ကြော်ငြာစာအမှတ် ၂၅/၂၀၁၃**

၁၃၇၄ ခုနှစ်၊ တပို့တွဲလဆန်း ၉ ရက်

( ၂၀၁၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၉ ရက် )

**အမျိုးသားအရေးပေါ်အခြေအနေ ကြိုတင်ကာကွယ်ရေးနှင့်စီမံခန့်ခွဲရေးဗဟိုကော်မတီဖွဲ့စည်းခြင်း**

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်း လူ့ပယောဂကြောင့်လည်းကောင်း၊ သဘာဝဘေးအန္တရာယ်ကြောင့်လည်းကောင်း ဖြစ်ပေါ်လာနိုင်သည့် နိုင်ငံရေး၊ လုံခြုံရေး၊ စီးပွားရေး၊ လူမှုရေးတို့နှင့် ပတ်သက်သည့် ပြဿနာများကို အရေးအခင်းစီမံခန့်ခွဲမှုစနစ်တစ်ရပ် တည်ထောင်၍ ဖြေရှင်းဆောင်ရွက်နိုင်ရန်အတွက် **"အမျိုးသားအရေးပေါ်အခြေအနေ ကြိုတင်ကာကွယ်ရေးနှင့် စီမံခန့်ခွဲရေးဗဟိုကော်မတီ"** ကို အောက်ပါအတိုင်း ဖွဲ့စည်းလိုက်ပါသည် -

| | | |
|---|---|---|
| (က) | ဒုတိယသမ္မတ (၁) | ဥက္ကဋ္ဌ |
| ( ခ ) | ပြည်ထောင်စုဝန်ကြီး<br>ပြည်ထဲရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| ( ဂ ) | ပြည်ထောင်စုဝန်ကြီး<br>ကာကွယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဃ) | ပြည်ထောင်စုဝန်ကြီး<br>နယ်စပ်ရေးရာဝန်ကြီးဌာန | အဖွဲ့ဝင် |
| ( င ) | ပြည်ထောင်စုဝန်ကြီး<br>နိုင်ငံခြားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |

(စ) ပြည်ထောင်စုဝန်ကြီး အဖွဲ့ဝင်
ပြန်ကြားရေးဝန်ကြီးဌာန

(ဆ) ပြည်ထောင်စုဝန်ကြီး အဖွဲ့ဝင်
သမ္မတရုံးဝန်ကြီးဌာန (၆)

(ဇ) ပြည်ထောင်စုဝန်ကြီး အဖွဲ့ဝင်
သာသနာရေးဝန်ကြီးဌာန

(ဈ) ပြည်ထောင်စုဝန်ကြီး အဖွဲ့ဝင်
ပို့ဆောင်ရေးဝန်ကြီးဌာန

(ည) ပြည်ထောင်စုဝန်ကြီး အဖွဲ့ဝင်
သတ္တုတွင်းဝန်ကြီးဌာန

(ဋ) ပြည်ထောင်စုဝန်ကြီး အဖွဲ့ဝင်
ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန

(ဌ) ပြည်ထောင်စုဝန်ကြီး အဖွဲ့ဝင်
အလုပ်သမား၊ အလုပ်အကိုင်နှင့်လူမှုဖူလုံရေးဝန်ကြီးဌာန

(ဍ) ပြည်ထောင်စုဝန်ကြီး အဖွဲ့ဝင်
လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်
ပြန်လည်နေရာချထားရေးဝန်ကြီးဌာန

(ဎ) ဒုတိယဝန်ကြီး အတွင်းရေးမှူး
လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်
ပြန်လည်နေရာချထားရေးဝန်ကြီးဌာန

၂။ အမျိုးသားအရေးပေါ်အခြေအနေ ကြိုတင်ကာကွယ်ရေးနှင့် စီမံခန့်ခွဲရေးဗဟိုကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်ပါသည် -

(က) အရေးအခင်းစီမံခန့်ခွဲမှု ဖြေရှင်းရာတွင် ကြိုတင်ပြင်ဆင်မှုကာလ၊ တုံ့ပြန်ရင်ဆိုင်ဖြေရှင်းမှုကာလနှင့် အရေးအခင်းအလွန်ပြန်လည်ထူထောင်ရေးကာလဟူ၍ သုံးပိုင်းခွဲခြားဆောင်ရွက်ရန်။

(ခ) **ကြိုတင်ပြင်ဆင်မှုကာလ**အတွက် သတင်းစုဆောင်းခြင်း၊ အန္တရာယ်ကြိုတင်ကာကွယ်ဖြေရှင်းခြင်းနှင့် စုဖွဲ့၊ ပြင်ဆင်၊ လေ့ကျင့်ခြင်းများ ဆောင်ရွက်ရန်။

(ဂ) **တုံ့ပြန်ရင်ဆိုင်ဖြေရှင်းမှုကာလ**အတွက် လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေး၊ ပျက်စီးမှုထိန်းသိမ်းခြင်း၊ လုပ်ငန်းဆောင်ရွက်မှုများ၏ အရှိန်မပျက်စေရန် ထိန်းသိမ်းခြင်း၊ ကယ်ဆယ်ရေး၊ နေရာချထားရေးနှင့် ပြုစုစောင့်ရှောက်မှုများဆောင်ရွက်ခြင်းနှင့် အရေးအခင်းဖြစ်ပွားစေသည့် အကြောင်းရင်းခံ ပြဿနာများအား ကိုင်တွယ်ဖြေရှင်းကုစားခြင်းများ ဆောင်ရွက်ရန်။

(ဃ) **အရေးအခင်းအလွန် ပြန်လည်ထူထောင်မှုကာလ**အတွက် အရေးအခင်းမတိုင်မီနှင့် အရေးအခင်းကာလ ဆောင်ရွက်ခဲ့မှုများကို ပြန်လည်သုံးသပ်ခြင်း၊ ပြန်လည်ထူထောင်ခြင်းနှင့် ပြန်လည်ဖွဲ့စည်းလေ့ကျင့်ခြင်းများ ဆောင်ရွက်ရန်။

၃။ အမျိုးသားအရေးပေါ်အခြေအနေ ကြိုတင်ကာကွယ်ရေးနှင့် စီမံခန့်ခွဲရေးဗဟိုကော်မတီသည် သင့်လျော်သောပုဂ္ဂိုလ်များဖြင့် "သဘာဝဘေးအန္တရာယ်များ ကြိုတင်ကာကွယ်ရေးနှင့် စီမံခန့်ခွဲရေးလုပ်ငန်း

ကော်မတီ” နှင့် “လူ့ပယောဂကြောင့် ဖြစ်ပွားရသောအရေးအခင်းများ ကြိုတင်ကာကွယ်ရေးနှင့် စီမံခန့်ခွဲရေး လုပ်ငန်းကော်မတီ” များကို ဖွဲ့စည်းဆောင်ရွက်သွားရန်ဖြစ်ပါသည်။

(ပုံ) သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်သမ္မတရုံး**

**(အမိန့်အမှတ် ၁၁/၂၀၁၃)**

၁၃၇၄ ခုနှစ်၊ တပို့တွဲလဆန်း ၉ ရက်

( ၂၀၁၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၉ ရက် )

**ဒုတိယဝန်ကြီးအဖြစ် ပြောင်းလဲတာဝန်ပေးခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၃၄၊ ပုဒ်မခွဲ (က) နှင့် ပုဒ်မခွဲ (ဃ)၊ ပြည်ထောင်စုအစိုးရအဖွဲ့ ဥပဒေပုဒ်မ ၁၆၊ ပုဒ်မခွဲ (ခ)၊ ပုဒ်မခွဲငယ် (၉) တို့ပါ ပြဋ္ဌာန်းချက်များအရ ပြည်ထောင်စုရာထူးဝန်အဖွဲ့ အဖွဲ့ဝင် ဒေါက်တာဝင်းမြင့်အား ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးအဖြစ် ပြောင်းလဲတာဝန်ပေးလိုက်သည်။

(ပုံ) သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုအစိုးရအဖွဲ့**

**အမိန့်ကြော်ငြာစာအမှတ် (၁၆/၂၀၁၃)**

၁၃၇၄ ခုနှစ်၊ တပို့တွဲလဆန်း ၁၀ ရက်

( ၂၀၁၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၀ ရက် )

**မြဝတီကုန်သွယ်ရေးဇုန်တည်ဆောက်ရေးလုပ်ငန်းကော်မတီ ပြင်ဆင်ဖွဲ့စည်းခြင်း**

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရအဖွဲ့မှ ၂၀၀၆ ခုနှစ်၊ ဩဂုတ်လ ၁၅ ရက်နေ့စွဲဖြင့် ထုတ်ပြန်ခဲ့သည့် အမိန့်ကြော်ငြာစာအမှတ် (၁၀/၂၀၀၆) အရ ဖွဲ့စည်းခဲ့သည့် မြဝတီကုန်သွယ်ရေးဇုန်တည်ဆောက်ရေး လုပ်ငန်းကော်မတီအား မြဝတီနယ်စပ်ကုန်သွယ်ရေးဇုန်၏ ကျန်ရှိနေသော တည်ဆောက်ရေးလုပ်ငန်းများအား ထိရောက်စွာ ကြီးကြပ်ကွပ်ကဲဆောင်ရွက်နိုင်ရေးအတွက် အောက်ပါအတိုင်း ပြန်လည်ပြင်ဆင်ဖွဲ့စည်း လိုက်ပါသည် -

(၁) ဒုတိယဝန်ကြီး ဥက္ကဋ္ဌ
စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

| | |
|---|---|
| (၂) ဝန်ကြီး<br>စီမံကိန်းနှင့်စီးပွားရေးဝန်ကြီးဌာန<br>ကရင်ပြည်နယ်အစိုးရအဖွဲ့ | ဒုတိယဥက္ကဋ္ဌ |
| (၃) ဥက္ကဋ္ဌ<br>ပြည်ထောင်စုမြန်မာနိုင်ငံကုန်သည်များနှင့်<br>စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် | အဖွဲ့ဝင် |
| (၄) ပြည်နယ်အုပ်ချုပ်ရေးမှူး<br>အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန<br>ကရင်ပြည်နယ် | အဖွဲ့ဝင် |
| (၅) ပြည်နယ်ဦးစီးမှူး<br>အကောက်ခွန်ဦးစီးဌာန<br>ကရင်ပြည်နယ် | အဖွဲ့ဝင် |
| (၆) ပြည်နယ်ဦးစီးမှူး<br>လူဝင်မှုကြီးကြပ်ရေးနှင့်အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန<br>ကရင်ပြည်နယ် | အဖွဲ့ဝင် |
| (၇) ပြည်နယ်ဦးစီးမှူး<br>ပြည်တွင်းအခွန်များဦးစီးဌာန<br>ကရင်ပြည်နယ် | အဖွဲ့ဝင် |
| (၈) ပြည်နယ်မန်နေဂျာ<br>မြန်မာ့စီးပွားရေးဘဏ်<br>ကရင်ပြည်နယ် | အဖွဲ့ဝင် |
| (၉) ညွှန်ကြားရေးမှူး<br>စီမံကိန်းရေးဆွဲရေးဦးစီးဌာန<br>ကရင်ပြည်နယ် | အဖွဲ့ဝင် |
| (၁၀) ပြည်နယ်လျှပ်စစ်အင်ဂျင်နီယာ<br>မြန်မာ့လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း<br>ကရင်ပြည်နယ် | အဖွဲ့ဝင် |
| (၁၁) ပြည်နယ်မန်နေဂျာ<br>မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း<br>ကရင်ပြည်နယ် | အဖွဲ့ဝင် |
| (၁၂) အင်ဂျင်နီယာမှူးကြီး<br>ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း<br>ကရင်ပြည်နယ် | အဖွဲ့ဝင် |
| (၁၃) ညွှန်ကြားရေးမှူး<br>ပြည်နယ်စည်ပင်သာယာရေးကော်မတီ<br>ကရင်ပြည်နယ် | အဖွဲ့ဝင် |
| (၁၄) ပြည်နယ်ဦးစီးမှူး<br>ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာန<br>ကရင်ပြည်နယ် | အဖွဲ့ဝင် |

| | | |
|---|---|---|
| (၁၅) | ပြည်နယ်ရဲတပ်ဖွဲ့မှူး<br>မြန်မာနိုင်ငံရဲတပ်ဖွဲ့<br>ကရင်ပြည်နယ် | အဖွဲ့ဝင် |
| (၁၆) | ပြည်နယ်မန်နေဂျာ<br>မြန်မာ့လယ်ယာထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး<br>ကရင်ပြည်နယ် | အဖွဲ့ဝင် |
| (၁၇) | ဥက္ကဋ္ဌ<br>မြဝတီနယ်စပ်ကုန်သည်များအသင်း<br>မြဝတီမြို့ | အဖွဲ့ဝင် |
| (၁၈) | မန်နေးဂျင်းဒါရိုက်တာများ<br>အေးရှားဝေါ(လ်)၊ အဲဗားဂရင်း၊ ဒေဝင်အုပ်စု၊<br>ရွှေဝါမြေ မက်(စ်)မြန်မာကုမ္ပဏီများ | အဖွဲ့ဝင် |
| (၁၉) | ညွှန်ကြားရေးမှူးချုပ်<br>နယ်စပ်ကုန်သွယ်ရေးဦးစီးဌာန | အတွင်းရေးမှူး |
| (၂၀) | ညွှန်ကြားရေးမှူး<br>မြဝတီနယ်စပ်ကုန်သွယ်ရေးဇုန်<br>နယ်စပ်ကုန်သွယ်ရေးဦးစီးဌာန | တွဲဖက်အတွင်းရေးမှူး |

အမိန့်အရ

ဇော်သန်းသင်း
အတွင်းရေးမှူး
ပြည်ထောင်စုအစိုးရအဖွဲ့

[ **ယခင်အပတ်မှအဆက်** ]

# ပြည်သူ့လွှတ်တော်
## အမိန့်ကြော်ငြာစာအမှတ် ၂/၂၀၁၃
## ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေများ

၁၆၈။ (ခ) (၂) သက်ဆိုင်ရာ လွှတ်တော်ကိုယ်စားလှယ်သည် အဆိုတင်သွင်းမည့်အချိန်၌ လွှတ်တော်တွင် မရှိခဲ့လျှင် ၎င်းက စာဖြင့် ရေးသားလွှဲအပ်ခြင်းခံရသော အခြား လွှတ်တော်ကိုယ်စားလှယ် တစ်ဦးက ဥက္ကဋ္ဌ၏ခွင့်ပြုချက်ဖြင့် ထိုအဆိုကို တင်သွင်းနိုင်သည်။ ဤသို့ လွှဲအပ်ခြင်းခံရသော လွှတ်တော်ကိုယ်စားလှယ်မရှိလျှင်သော်လည်းကောင်း၊ ဥက္ကဋ္ဌ၏ခွင့်ပြုချက်မရလျှင်သော် လည်းကောင်း ထိုအဆိုကို တင်သွင်းခြင်းမပြုသော အဆိုဟုမှတ်ယူရမည်။ ဤနည်းဥပဒေခွဲ သည် နည်းဥပဒေ ၁၁၅၊ ၁၂၆၊ ၁၂၈ နှင့် ၁၆၀ မှ ၁၆၅ အထိတွင် ရည်ညွှန်းထားသော အဆိုများနှင့်သက်ဆိုင်ခြင်း မရှိစေရ။

(၃) ယင်းအဆိုနှင့်စပ်လျဉ်း၍ လက်ခံဆွေးနွေးရန်သင့် မသင့် လွှတ်တော်၏အဆုံးအဖြတ် ရယူရမည်။

(၄) ယင်းအဆိုကို လွှတ်တော်က လက်ခံဆွေးနွေးရန် မသင့်ကြောင်း ဆုံးဖြတ်လျှင် အဆိုနှင့်စပ်လျဉ်း၍ ဆက်လက်ဆောင်ရွက်ရန်မရှိကြောင်း ဥက္ကဋ္ဌက လွှတ်တော်သို့ ကြေညာရမည်။

(၅) အဆိုတစ်ရပ်ကို လက်ခံဆွေးနွေးရန် ဆုံးဖြတ်ပါက ဆွေးနွေးမည့်ရက်ကို သတ်မှတ်ပေးပြီး ဆွေးနွေးလိုသော လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် မည်သည့်နေ့ရက် နောက်ဆုံးထား၍ အမည်စာရင်းတင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာရမည်။

**အဆိုတင်သွင်းရန်အစီအစဉ်**

၁၆၉။ လွှတ်တော်၌ အဆိုတစ်ရပ်ကိုတင်သွင်းရာတွင် -

(က) ဥက္ကဋ္ဌက လက်ခံခွင့်ပြုသောအဆိုများအနက် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းက ပေးပို့သော အဆိုများကို ဦးစားပေးတင်သွင်းခွင့်ပြုပြီး ကျန်လွှတ်တော်ကိုယ်စားလှယ်များ၏ အဆိုများကို လက်ခံရရှိသည့် အစီအစဉ်အတိုင်း တင်သွင်းခွင့်ပြုရမည်။

(ခ) သာမန်အားဖြင့် လွှတ်တော်အစည်းအဝေး နေ့စဉ် အစီအစဉ်၌ အဆိုလေးခုထက်ပို၍ ထည့်သွင်းခြင်းမပြုရ။

**အဆိုကိုဆွေးနွေးခြင်း**

၁၇၀။ (က) ဥက္ကဋ္ဌက သတ်မှတ်သည့် အစီအစဉ်အတိုင်း လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးရမည်။

(ခ) လွှတ်တော်အစည်းအဝေး၌ ဆွေးနွေးဆဲဖြစ်၍ မဆုံးဖြတ်ရသေးသော အဆိုကို နောက်တစ်နေ့တွင် ဆက်လက်ဆွေးနွေးရမည်။

(ဂ) အဆိုကို ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများသို့ ပေးပို့ပြီး ၂၁ ရက်အတွင်း လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးနေစဉ်ဖြစ်စေ၊ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးပြီးနောက်တွင်ဖြစ်စေ သက်ဆိုင်ရာပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်က ပြန်လည်ဖြေရှင်းဆွေးနွေးနိုင်သည်။

(ဃ) လွှတ်တော်ကိုယ်စားလှယ်တစ်ဦးသည် အဆိုတစ်ရပ်ကို တစ်ကြိမ်ထက်ပို၍ ဆွေးနွေးခြင်းမပြုရ။ သို့ရာတွင် မိမိနှင့်သက်ဆိုင်သောကိစ္စတစ်ခုကို ဖြေရှင်းလိုလျှင် ဥက္ကဋ္ဌ၏ခွင့်ပြုချက်ဖြင့် ဖြေရှင်းနိုင်သည်။

(င) အဆိုတင်သွင်းသော လွှတ်တော်ကိုယ်စားလှယ်ကလည်း ပြန်လည်ဖြေရှင်းသည့် သဘောဖြင့် နောက်တစ်ကြိမ် ဆွေးနွေးပိုင်ခွင့်ရှိသည်။

(စ) အဆိုတင်သွင်းသည့် လွှတ်တော်ကိုယ်စားလှယ်က နောက်တစ်ကြိမ် ဆွေးနွေးပြီးနောက် သက်ဆိုင်ရာပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်သည် အဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးပြီးသည်ဖြစ်စေ၊ မဆွေးနွေးရသေးသည်ဖြစ်စေ ပြန်ကြားဆွေးနွေးခွင့်ရှိသည်။

**အဆိုကိုရုပ်သိမ်းခြင်း**

၁၇၁။ လွှတ်တော်အစည်းအဝေးတွင် -

(က) လွှတ်တော်ကိုယ်စားလှယ်တစ်ဦးသည် မိမိတင်သွင်းထားသော အဆိုတစ်ရပ်ကို လွှတ်တော်၏ ခွင့်ပြုချက်မရရှိလျှင် ပြန်လည်ရုပ်သိမ်းခြင်းမပြုရ။

( ခ ) အဆိုတင်သွင်းသော လွှတ်တော်ကိုယ်စားလှယ်က မိမိတင်သွင်းထားသော အဆိုကို ရုပ်သိမ်းရန် ခွင့်တောင်းခြင်းအား လွှတ်တော်ကိုယ်စားလှယ် တစ်ဦးဦးက နှုတ်ဖြင့်ကန့်ကွက်လျှင်ပင် ရုပ်သိမ်းခွင့် မပြုရ။

**အဆိုနှင့်စပ်လျဉ်း၍ အဆုံးအဖြတ်ပေးခြင်း**

၁၇၂။ အဆိုတစ်ရပ်ကို အဆုံးအဖြတ်ပေးနိုင်ရန် လွှတ်တော်တွင် ဆန္ဒရယူရာ၌ -

(က) အဆိုတစ်ရပ်ကို လွှတ်တော်တွင် တင်သွင်းဆွေးနွေးနေစဉ် ဆွေးနွေးခြင်းကိုရပ်စဲ၍ လွှတ်တော်၏ ဆန္ဒရယူရန် လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ဥက္ကဋ္ဌအား တောင်းဆိုနိုင်သည်။ ယင်းအဆိုကို လုံလောက်စွာ ဆွေးနွေးပြီးဖြစ်သည်ဟု ဥက္ကဋ္ဌကယူဆလျှင် အဆိုတင်သွင်းသူနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်က ပြန်လည်မချေပရသေးပါက ချေပစေပြီး ဥက္ကဋ္ဌသည် ဆွေးနွေးခြင်းကို ရပ်စဲ၍ လွှတ်တော်၏ဆန္ဒ ရယူရမည်။

( ခ ) အချက်ပေါင်းများစွာပါဝင်သော အဆိုတစ်ရပ်ကို ဆန္ဒရယူသောအခါ ဥက္ကဋ္ဌသည် မိမိ၏သဘော အရ အဆိုကို ပိုင်း၍သော်လည်းကောင်း၊ အချက်တစ်ခုစီခွဲခြား၍သော်လည်းကောင်း ဆန္ဒရယူ နိုင်သည်။

၁၇၃။ လွှတ်တော်က အတည်ပြုဆုံးဖြတ်ပြီးသော အဆို၏ မိတ္တူတစ်စောင်စီကို ပြည်သူ့လွှတ်တော်ရုံး ညွှန်ကြားရေးမှူးချုပ်က သက်ဆိုင်ရာပြည်ထောင်စုအဆင့်အဖွဲ့အစည်းများသို့ ပေးပို့ရမည်။

**ပြင်ဆင်ချက်အဆိုတင်သွင်းခြင်း**

၁၇၄။ လွှတ်တော်သို့တင်သွင်းသော အဆိုနှင့်စပ်လျဉ်း၍ ပြင်ဆင်ချက်ပြုလုပ်လိုလျှင် အောက်ပါပုဂ္ဂိုလ် များက ပြင်ဆင်ချက်ကို လွှတ်တော်သို့ တင်သွင်းနိုင်သည် -

(က) ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင် သို့မဟုတ် ယင်းအားကိုယ်စားပြုသည့် ပုဂ္ဂိုလ်တစ်ဦးဦး၊

( ခ ) လွှတ်တော်ကိုယ်စားလှယ်တစ်ဦးဦး။

၁၇၅။ နည်းဥပဒေ ၁၇၄ ပါ ပုဂ္ဂိုလ်တစ်ဦးဦးက ပြင်ဆင်ချက်အဆိုတင်သွင်းရာတွင် -

(က) ယင်းပြင်ဆင်ချက်ကို ဆွေးနွေးမည့် နေ့ရက်မတိုင်မီ အနည်းဆုံးသုံးရက် ကြိုတင်၍ ပေးပို့ရမည်။

( ခ ) ဥက္ကဋ္ဌက သင့်လျော်သည်ဟုယူဆပါက နည်းဥပဒေခွဲ (က) ပါ ရက်ကန့်သတ်ချက်ကို လျှော့ပေါ့ နိုင်သည်။

၁၇၆။ ပြင်ဆင်ချက်အဆိုနှင့်စပ်လျဉ်းသည့် ကန့်သတ်ချက်များမှာ -

(က) အဆိုတွင်ပါရှိသော ကိစ္စနှင့်သက်ဆိုင်သည့် ပြင်ဆင်ချက်ဖြစ်ရမည့်အပြင် ထိုကိစ္စ၏သဘော တွင်လည်း အကျုံးဝင်သောပြင်ဆင်ချက် ဖြစ်ရမည်။

( ခ ) အဆိုနှင့်ဆန့်ကျင်သော သဘောသက်ရောက်သည့် ပြင်ဆင်ချက်မဖြစ်စေရ။

( ဂ ) အဆိုနှင့်စပ်လျဉ်း၍ လွှတ်တော်ကအတည်ပြုပြီးသော ဆုံးဖြတ်ချက်နှင့်ဆန့်ကျင်သည့် ပြင်ဆင်ချက် မဖြစ်စေရ။

(ဃ) သိမ်ဖျင်းသောပြင်ဆင်ချက် မဖြစ်စေရ။

( င ) အဆို၏ အစိတ်အပိုင်းတစ်ခုနှင့်သက်ဆိုင်သော ပြင်ဆင်ချက်ကို ဥက္ကဋ္ဌက လွှတ်တော်သို့ တင်ပြ ပြီးသောအခါ ထိုအစိတ်အပိုင်းထက် အလျင်ကျသော အစိတ်အပိုင်းကို ပြင်ဆင်ခြင်းမဖြစ်စေရ။ သို့ရာတွင် ဥက္ကဋ္ဌက တင်ပြပြီးသော ပြင်ဆင်ချက်ကို ရုပ်သိမ်းခဲ့လျှင် အလျင်ကျသောအစိတ် အပိုင်းကို ပြင်ဆင်ရန် အဆိုတင်သွင်းနိုင်သည်။

( စ ) ပြင်ဆင်ချက်အဆိုတွင် လွှတ်တော်အစည်းအဝေး၌ ဆုံးဖြတ်ပြီးသော ကိစ္စတစ်ရပ်နှင့် သဘောချင်း တူညီသည့် ကိစ္စများမပါရှိစေရ။

**ပြင်ဆင်ချက်အဆိုကို ရုပ်သိမ်းခြင်း**

၁၇၇။ လွှတ်တော်အစည်းအဝေးတွင် -

(က) လွှတ်တော်ကိုယ်စားလှယ်တစ်ဦးသည် မိမိတင်သွင်းပြီးသော ပြင်ဆင်ချက်အဆိုတစ်ရပ်ကို လွှတ်တော်၏ ခွင့်ပြုချက်မရရှိလျှင် ပြန်လည်ရုပ်သိမ်းခြင်း မပြုရ။

( ခ ) ပြင်ဆင်ချက်အဆို တင်သွင်းသော လွှတ်တော်ကိုယ်စားလှယ်က မိမိတင်သွင်းသော ပြင်ဆင်ချက် အဆိုကို ရုပ်သိမ်းရန် ခွင့်တောင်းခြင်းအား လွှတ်တော်ကိုယ်စားလှယ်တစ်ဦးဦးက နှုတ်ဖြင့် ကန့်ကွက်လျှင်ပင် ရုပ်သိမ်းခွင့်မပြုရ။

**ပြင်ဆင်ချက်အဆိုနှင့်စပ်လျဉ်း၍ ဆောင်ရွက်ခြင်း**

၁၇၈။ ပြင်ဆင်ချက်အဆိုနှင့်စပ်လျဉ်း၍ ဥက္ကဋ္ဌသည် -

(က) မူလအဆိုနှင့် ပြင်ဆင်ချက်အဆိုတို့ကို ဖတ်ပြရမည်။

( ခ ) ဆွေးနွေးချက်အားလုံးကို ပြီးပြတ်အောင် ပြုလုပ်ရမည်။

( ဂ ) ပြင်ဆင်ချက်အဆိုကို အဆုံးအဖြတ်ပေးနိုင်ရန် လွှတ်တော်၏ဆန္ဒရယူရာတွင် နည်းဥပဒေ ၁၇၁ နှင့် အညီ ဆောင်ရွက်ရမည်။

**အခန်း (၁၈)**

**လွှတ်တော်သို့ စတင်တင်သွင်းသည့်ဥပဒေကြမ်းများ**

**ဥပဒေကြမ်းပေးပို့ခြင်း**

၁၇၉။ ဖွဲ့စည်းပုံအခြေခံဥပဒေ ဇယား ၁ ပါ ပြည်ထောင်စုဥပဒေပြုစာရင်းတွင် ဖော်ပြပါကိစ္စရပ်များအနက် ပြည်ထောင်စုလွှတ်တော်တွင်သာ ဥပဒေကြမ်း တင်သွင်းဆုံးဖြတ်ရမည်ဟု ဖွဲ့စည်းပုံအခြေခံဥပဒေ၌ ပြဋ္ဌာန်းထားသည့် ကိစ္စရပ်များမှအပ ကျန်ကိစ္စရပ်များကို ဥပဒေနှင့်အညီ လွှတ်တော်တွင် ဥပဒေကြမ်း စတင် တင်သွင်းခွင့်ရှိသည်။

၁၈၀။ လွှတ်တော်သို့ ဥပဒေကြမ်းများ ပေးပို့ခြင်းနှင့်စပ်လျဉ်း၍ -

(က) ပြည်ထောင်စုအဆင့် အဖွဲ့အစည်းတစ်ရပ်ရပ်က တင်သွင်းသော ဥပဒေကြမ်းများကို ပြည်ထောင်စု လွှတ်တော်က လွှတ်တော်တွင် စတင်ဆွေးနွေးရန် ပြည်ထောင်စုလွှတ်တော်ဆိုင်ရာဥပဒေ၊ နည်းဥပဒေများနှင့်အညီ ပေးပို့နိုင်သည်။

( ခ ) လွှတ်တော်ကိုယ်စားလှယ်များသည် နည်းဥပဒေ ၁၇၉ အရ တင်သွင်းခွင့်ရှိသော ဥပဒေကြမ်း များကို လွှတ်တော်တွင် စတင်ဆွေးနွေးရန် လွှတ်တော်ဆိုင်ရာဥပဒေ၊ နည်းဥပဒေများနှင့်အညီ ပေးပို့နိုင်သည်။

( ဂ ) ယင်းသို့ပေးပို့ရာတွင် ဥပဒေကြမ်း တင်သွင်းခွင့်ရှိသူများသည် ဥပဒေကြမ်း၏ရည်ရွယ်ချက်နှင့် အကျိုးအကြောင်း ဖော်ပြချက်တို့နှင့်အတူ မိတ္တူသုံးစောင်ပြုစု၍ ပြည်သူ့လွှတ်တော်ရုံး ညွှန်ကြားရေးမှူးချုပ်ထံ ပေးပို့ရမည်။

၁၈၁။ နည်းဥပဒေ ၁၈၀ အရ ဥပဒေကြမ်းတစ်ရပ် ပေးပို့ရာတွင် -

(က) သာမန်အားဖြင့် လွှတ်တော်အစည်းအဝေးမကျင်းပမီ အနည်းဆုံး ရက်ပေါင်း ၃၀ ကြိုတင်၍ ပေးပို့ရမည်။

( ခ ) သတ်မှတ်ရက်အတွင်း ကြိုတင်ပေးပို့ခြင်းမရှိသော်လည်း လုံလောက်သောအကြောင်းရှိသည်ဟု ဥက္ကဋ္ဌက ထင်မြင်ယူဆလျှင် လက်ခံခွင့်ပြုနိုင်သည်။

**ဥပဒေကြမ်းကို လက်ခံဆွေးနွေးရန်ဆောင်ရွက်ခြင်း**

၁၈၂။ ဥက္ကဋ္ဌသည် -

(က) ပြည်ထောင်စုလွှတ်တော်က ပေးပို့သော ဥပဒေကြမ်းကို စိစစ်ရန် ဥပဒေကြမ်းကော်မတီသို့ လွှဲပြောင်းပေးရမည်။ ယင်းဥပဒေကြမ်းကို လွှတ်တော်ကိုယ်စားလှယ်များထံ ဖြန့်ဝေစေရမည်။

( ခ ) လွှတ်တော်ကိုယ်စားလှယ်ကပေးပို့သော ဥပဒေကြမ်းကို -

(၁) လွှတ်တော်ကိုယ်စားလှယ်များထံ ဖြန့်ဝေစေရမည်။

(၂) လွှတ်တော်က လက်ခံဆွေးနွေးရန် သင့် မသင့် လွှတ်တော်အစည်းအဝေးတွင် အဆုံးအဖြတ်ရယူရမည်။

(၃) လွှတ်တော်က လက်ခံဆွေးနွေးရန် ဆုံးဖြတ်လျှင် ယင်းဥပဒေကြမ်းကို ဥပဒေကြမ်းကော်မတီသို့ လွှဲအပ်ရမည်။

(၄) လွှတ်တော်က လက်ခံဆွေးနွေးရန် မသင့်ကြောင်း ဆုံးဖြတ်လျှင် ယင်းဥပဒေကြမ်းအား လွှတ်တော်က လက်ခံဆွေးနွေးရန်မရှိကြောင်း ကြေညာရမည်။

**ဥပဒေကြမ်းကို နိုင်ငံတော်ပြန်တမ်းတွင်ကြေညာခြင်း**

၁၈၃။ လွှတ်တော်ကိုယ်စားလှယ်က ပေးပို့သော ဥပဒေကြမ်းကို လက်ခံဆွေးနွေးရန် လွှတ်တော်က ဆုံးဖြတ်ပါက ဥက္ကဋ္ဌသည် ယင်းဥပဒေကြမ်းကို နိုင်ငံတော်ပြန်တမ်းတွင် ကြေညာစေရမည်။

**ဥပဒေကြမ်းတင်သွင်းခြင်း**

၁၈၄။ လွှတ်တော်တွင် ဥပဒေကြမ်းများကို တင်သွင်းရာ၌ အောက်ပါ ဦးစားပေးအစီအစဉ်အတိုင်း ဆောင်ရွက်ရမည် -

(က) လွှတ်တော်က ပေးပို့ထားသော ပြည်ထောင်စုအဆင့် အဖွဲ့အစည်းက တင်သွင်းသည့် ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာသော ဥပဒေကြမ်း၊

( ခ ) လွှတ်တော်၏ သဘောထားရယူရန် အမျိုးသားလွှတ်တော်က ပေးပို့လာသော ပြည်ထောင်စုအဆင့် အဖွဲ့အစည်းက တင်သွင်းသည့် ဥပဒေကြမ်း၊

( ဂ ) ဥပဒေကြမ်းကော်မတီက စိစစ်ပြီးသော ပြည်ထောင်စုအဆင့်အဖွဲ့အစည်းက တင်သွင်းသည့် ဥပဒေကြမ်း၊

(ဃ) လွှတ်တော်က ပေးပို့ထားသော လွှတ်တော်ကိုယ်စားလှယ်က တင်သွင်းသည့် ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာသည့် ဥပဒေကြမ်း၊

( င ) လွှတ်တော်၏ သဘောထားရယူရန် အမျိုးသားလွှတ်တော်က ပေးပို့လာသော အမျိုးသားလွှတ်တော်ကိုယ်စားလှယ်က တင်သွင်းသည့် ဥပဒေကြမ်း၊

( စ ) ဥပဒေကြမ်းကော်မတီက စိစစ်ပြီးသော လွှတ်တော်ကိုယ်စားလှယ်က တင်သွင်းသည့် ဥပဒေကြမ်း။

**ခြွင်းချက်။** သို့ရာတွင် အရေးတကြီးပြဋ္ဌာန်းရန် လိုအပ်သော ဥပဒေကြမ်းတစ်ရပ်ကို ဥပဒေကြမ်းကော်မတီ၏ စိစစ်ချက်နှင့်အတူ တင်သွင်းလာလျှင် ဥက္ကဋ္ဌက သင့်လျော်သည်ဟု ထင်မြင်သည့်အတိုင်း ဦးစားပေးအစီအစဉ် သတ်မှတ်နိုင်သည်။

၁၈၅။ ဥပဒေကြမ်းတင်သွင်းရာတွင် -

(က) ဥပဒေကြမ်းကို ဥက္ကဋ္ဌက သတ်မှတ်သည့်နေ့တွင် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်အား လည်းကောင်း၊ သက်ဆိုင်ရာ လွှတ်တော်ကိုယ်စားလှယ်အားလည်းကောင်း လွှတ်တော်သို့ တင်သွင်း စေရမည်။

(ခ) ဥပဒေကြမ်းကို နည်းဥပဒေခွဲ (က) ပါအတိုင်း တင်သွင်းပြီးနောက် ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ယင်းကော်မတီဥက္ကဋ္ဌ သို့မဟုတ် ဥက္ကဋ္ဌက တာဝန်ပေးအပ်သူအား ဖတ်ကြား ရှင်းလင်းစေရမည်။

**ဥပဒေကြမ်းကို ဆွေးနွေးခြင်း**

၁၈၆။ နည်းဥပဒေ ၁၈၅ အရ ဥပဒေကြမ်းတင်သွင်းပြီးပါက ယင်းဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဆွေးနွေး လိုသော လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်းတင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာရမည်။

၁၈၇။ ဆွေးနွေးရန် အမည်စာရင်းတင်သွင်းထားသည့် လွှတ်တော်ကိုယ်စားလှယ်များသည် ဥက္ကဋ္ဌက သတ်မှတ်သည့် နေ့ရက်နှင့်အချိန်တွင် ဆွေးနွေးရမည်။

၁၈၈။ လွှတ်တော်ကိုယ်စားလှယ်တစ်ဦးဦးသည် -

(က) ပြည်ထောင်စုအဆင့်အဖွဲ့အစည်းက တင်သွင်းသော ဥပဒေကြမ်းကိုဖြစ်စေ၊ လွှတ်တော် ကိုယ်စားလှယ်က တင်သွင်းသော ဥပဒေကြမ်းကိုဖြစ်စေ ပြင်ဆင်ချက်အဆို တင်သွင်းနိုင်သည်။

(ခ) နည်းဥပဒေခွဲ (က) အရ တင်သွင်းမည့် ပြင်ဆင်ချက်အဆိုကို ဥပဒေကြမ်းဆွေးနွေးမည့်ရက် မတိုင်မီ ရုံးပိတ်ရက်များမပါ သုံးရက် ကြိုတင်ပေးပို့ရမည်။ သို့ရာတွင် ဥက္ကဋ္ဌက သင့်လျော်သည်ဟု ယူဆပါက ရက်ကန့်သတ်ချက်ကို လျှော့ပေါ့နိုင်သည်။

(ဂ) ပြင်ဆင်ချက်များကို ဆွေးနွေးစဉ် လွှတ်တော်ကိုယ်စားလှယ်တစ်ဦးဦးက ထိုပြင်ဆင်ချက်များမှာ ပြဋ္ဌာန်းမည့်ဥပဒေနှင့်ညီ မညီ ဆွေးနွေးလိုပါက ဥက္ကဋ္ဌ၏ခွင့်ပြုချက်ဖြင့် ဆွေးနွေးနိုင်သည်။

(ဃ) ဥက္ကဋ္ဌက အခြားနည်းဖြင့် ဆုံးဖြတ်ခြင်းမရှိလျှင် ပြင်ဆင်ချက်များကို ဥပဒေကြမ်း၏ သက်ဆိုင်ရာ အပိုဒ်အစဉ်လိုက် ဆွေးနွေးရမည်။

၁၈၉။ ဥပဒေကြမ်းတစ်ရပ်ကို ဆွေးနွေးရာတွင် -

(က) ပြင်ဆင်ချက် တစ်စုံတစ်ရာမပြုလုပ်လျှင် လွှတ်တော်၌ ဆွေးနွေးပြီးသည်နှင့် ဥပဒေကြမ်း တင်သွင်းသည့်ပုဂ္ဂိုလ်သည် ဥပဒေကြမ်းကို အတည်ပြုရန် အဆိုတင်သွင်းနိုင်သည်။

(ခ) ပြင်ဆင်ချက် တစ်စုံတစ်ရာပြုလုပ်လျှင် ယင်းပြင်ဆင်ထားသည့် ဥပဒေကြမ်းအား ထိုနေ့တွင်ပင် အတည်ပြုရန် အဆိုတင်သွင်းခြင်း မပြုရ။ ဥက္ကဋ္ဌက သတ်မှတ်သည့်နေ့တွင်သာ ယင်းအဆိုကို တင်သွင်းရမည်။

(ဂ) ဥပဒေကြမ်းကို အတည်ပြုရန် သို့မဟုတ် ပြင်ဆင်ထားသည့် ဥပဒေကြမ်းကို အတည်ပြုရန် အဆိုကို ဆွေးနွေးနေစဉ် ဥပဒေကြမ်းကို ပြင်ဆင်လိုက်သည့်အတွက် လိုအပ်သော အခြားပြင်ဆင်ချက်များ သို့မဟုတ် အသုံးအနှုန်း ဆီလျော်ညီညွတ်စေရန် ပြင်ဆင်သောအချက်များမှအပ အခြား ပြင်ဆင်ချက်များကို တင်သွင်းခြင်းမပြုရ။

(ဃ) ဥပဒေကြမ်းကို အတည်ပြုရန်အဆို သို့မဟုတ် ပြင်ဆင်ထားသည့် ဥပဒေကြမ်းကို အတည်ပြုရန် အဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးချက်မှာ ဥပဒေကြမ်းကိုထောက်ခံသော အကြောင်းပြချက်များ သို့မဟုတ် ဥပဒေကြမ်းကိုပယ်ရန် အကြောင်းပြချက်များသာ ဖြစ်ရမည်။ ယင်းအကြောင်းပြချက် များကို ရှင်းလင်းစေရန်မှတစ်ပါး ဥပဒေကြမ်း၏အသေးစိတ်ကို ထည့်သွင်းပြောဆိုခြင်း မပြုရ။

(င) လွှတ်တော်တွင် ဆွေးနွေးဆဲ ဥပဒေကြမ်းတစ်ရပ်သည် မည်သည့်အဆင့်တွင် ရောက်ရှိနေစေကာမူ ဥက္ကဋ္ဌ၏သဘောတူညီချက်ဖြင့် ဥပဒေကြမ်းဆွေးနွေးခြင်းကို ရွှေ့ဆိုင်းရန် အဆိုတင်သွင်းနိုင်သည်။

၁၉၀။ ဥပဒေကြမ်းတစ်ရပ်ကို အတည်ပြုရန် လွှတ်တော်၏ဆုံးဖြတ်ချက် ရယူရာ၌ ဥက္ကဋ္ဌသည် -

(က) ဥပဒေကြမ်းတစ်ရပ်လုံးကိုသော်လည်းကောင်း၊ ဥပဒေကြမ်း၏ အစိတ်အပိုင်းကိုသော်လည်းကောင်း တစ်ပိုဒ်ချင်းစီ လွှတ်တော်သို့ တင်ပြရမည်။

(ခ) အပိုဒ်များနှင့်စပ်လျဉ်း၍ ပြင်ဆင်ချက်များကို ဆွေးနွေးပြီးနောက် လွှတ်တော်က ဆုံးဖြတ်ချက် ချမှတ်ပြီးသောအခါ "ဤအပိုဒ်သည်" သို့မဟုတ် "ဤပြင်ဆင်ထားသောအပိုဒ်သည်" ဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်ကြောင်း ဖော်ပြ၍ လွှတ်တော်သို့ တင်ပြရမည်။

(ဂ) လွှတ်တော်က သဘောတူပါက "ဤအပိုဒ်သည်" သို့မဟုတ် "ဤပြင်ဆင်ထားသောအပိုဒ်သည်" ဥပဒေကြမ်း၏အစိတ်အပိုင်းဖြစ်ကြောင်း ကြေညာရမည်။

(ဃ) ဥပဒေကြမ်းတစ်ရပ် သို့မဟုတ် ဥပဒေကြမ်းတစ်ရပ်၏ အစိတ်အပိုင်းကို လွှတ်တော်သို့ တစ်ပိုဒ်ချင်းစီ တင်ပြရန်မလိုဟု သဘောရပါက ဥပဒေကြမ်းတစ်ရပ်လုံးကိုသော်လည်းကောင်း၊ ဥပဒေကြမ်း၏ အစိတ်အပိုင်းကိုသော်လည်းကောင်း ဖော်ပြ၍ လွှတ်တော်သို့ တင်ပြရမည်။

**အမျိုးသားလွှတ်တော်သို့ ပေးပို့ခြင်း**

၁၉၁။ ဥပဒေကြမ်းတစ်ရပ်ကို လွှတ်တော်က အတည်ပြုပြီးသောအခါ အမျိုးသားလွှတ်တော်၌ ဆွေးနွေးရန် ဥပဒေကြမ်း၏ မိတ္တူတစ်စောင်ကို ဥက္ကဋ္ဌ သို့မဟုတ် ဒုတိယဥက္ကဋ္ဌက လက်မှတ်ရေးထိုး၍ အမျိုးသား လွှတ်တော်သို့ ပေးပို့ရမည်။

**အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်မပြုဘဲ ပြန်လည်ပေးပို့သောဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဆောင်ရွက်ခြင်း**

၁၉၂။ လွှတ်တော်က အတည်ပြုပြီးပေးပို့သော ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်များ မပြုဘဲ သဘောတူကြောင်း ဆုံးဖြတ်ချက်နှင့်အတူ ပြန်လည်ပေးပို့လာလျှင် -

(က) ဥက္ကဋ္ဌသည် အမျိုးသားလွှတ်တော်၏ ဆုံးဖြတ်ချက်ကို လွှတ်တော်သို့ အသိပေးတင်ပြရမည်။

(ခ) ယင်းဥပဒေကြမ်းကို လွှတ်တော်နှစ်ရပ်လုံးက သဘောတူခြင်းဖြစ်၍ ပြည်ထောင်စုလွှတ်တော်က အတည်ပြုသည်ဟု မှတ်ယူရမည်။

(ဂ) ဥက္ကဋ္ဌသည် ယင်းဥပဒေကြမ်းကို မှန်ကန်ကြောင်း လက်မှတ်ရေးထိုး၍ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် အညီ ဆက်လက်ဆောင်ရွက်ရန် လွှတ်တော်နှစ်ရပ်လုံး၏ ဆုံးဖြတ်ချက်နှင့်အတူ ပြည်ထောင်စု လွှတ်တော်နာယကထံ ပေးပို့ရမည်။

(ဃ) ဥက္ကဋ္ဌသည် နည်းဥပဒေခွဲ (ဂ) အရ ဆောင်ရွက်ကြောင်းကို အမျိုးသားလွှတ်တော်ဥက္ကဋ္ဌထံ အကြောင်းကြားရမည်။

**အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့သောဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဆောင်ရွက်ခြင်း**

၁၉၃။ လွှတ်တော်က အတည်ပြုပြီး ပေးပို့သော ဥပဒေကြမ်းတစ်ရပ်ကို အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်များဖြင့် ပြန်လည်ပေးပို့လာလျှင် -

(က) ဥက္ကဋ္ဌသည် ထိုပြင်ဆင်ချက်များရရှိကြောင်း လွှတ်တော်သို့ အသိပေးပြီးလျှင် ပြင်ဆင်ချက်များ၏ မိတ္တူများကို ပြည်သူ့လွှတ်တော်ရုံး ညွှန်ကြားရေးမှူးချုပ်က လွှတ်တော်ကိုယ်စားလှယ်များအား ဆောလျင်စွာဝေငှရမည်။

(ခ) ဆွေးနွေးလိုသော လွှတ်တော်ကိုယ်စားလှယ်သည် ပြင်ဆင်ချက်များကို ဆွေးနွေးရန် အဆိုတင်သွင်း လိုကြောင်း အကြောင်းကြားစာကို လက်မှတ်ရေးထိုးပြီး ဆွေးနွေးမည့်ရက်မတိုင်မီ သုံးရက် ကြိုတင်၍ ပြည်သူ့လွှတ်တော်ရုံး ညွှန်ကြားရေးမှူးချုပ်ထံ ပေးပို့နိုင်သည်။

(ဂ) ဥက္ကဋ္ဌသည် အဆိုကို နည်းဥပဒေခွဲ (ခ) အရ အကြောင်းကြားစာဖြင့်ဖြစ်စေ၊ သင့်လျော်သည်ဟု ယူဆလျှင် အကြောင်းကြားစာမပေးပို့ဘဲဖြစ်စေ တင်သွင်းခွင့်ပြုနိုင်သည်။

(ဃ) ဥက္ကဋ္ဌသည် အမျိုးသားလွှတ်တော်က ပေးပို့သောပြင်ဆင်ချက်များကို ဆွေးနွေးရန် အဆိုအတည်ဖြစ်လျှင် ယင်းပြင်ဆင်ချက်များကို လွှတ်တော်သို့ တင်ပြရမည်။

(င) အမျိုးသားလွှတ်တော်က ပေးပို့သော ပြင်ဆင်ချက်များကို ဆီလျော်ညီညွတ်စေရန် ပြင်ဆင်ခြင်း သို့မဟုတ် အစားထိုးပြင်ဆင်ခြင်း သို့မဟုတ် ထိုပြင်ဆင်ချက်၏ အကြောင်းရပ်များနှင့်သက်ဆိုင်သော ပြင်ဆင်ချက်ပြုလုပ်ခြင်းမှတစ်ပါး နောက်ထပ်ပြင်ဆင်ချက်အဆိုများ တင်သွင်းခြင်းမပြုရ။

**အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်များကို သဘောတူခြင်း**

၁၉၄။ လွှတ်တော်က အတည်ပြုပြီးပေးပို့သည် ဥပဒေကြမ်းအား အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်များဖြင့် ပြန်လည်ပေးပို့လာခြင်းကို -

(က) နည်းဥပဒေ ၁၉၃ အရ လွှတ်တော်တွင် ပြန်လည်ဆွေးနွေးရာ၌ အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်များကို လွှတ်တော်က သဘောတူလက်ခံကြောင်း ဆုံးဖြတ်လျှင် ထိုသို့ သဘောတူလက်ခံကြောင်း ဥက္ကဋ္ဌက အမျိုးသားလွှတ်တော်သို့ ပြန်ကြားရမည်။

(ခ) ယင်းဥပဒေကြမ်းကို လွှတ်တော်နှစ်ရပ်လုံးက သဘောတူခြင်းဖြစ်၍ ပြည်ထောင်စုလွှတ်တော်က အတည်ပြုသည်ဟု မှတ်ယူရမည်။

(ဂ) အမျိုးသားလွှတ်တော်က ပြန်လည်ပေးပို့သည့်အတိုင်း ပြင်ဆင်ထားသည့် ဥပဒေကြမ်းကို ဥက္ကဋ္ဌက မှန်ကန်ကြောင်း လက်မှတ်ရေးထိုးပြီး ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်နိုင်ရန် ပြည်ထောင်စုလွှတ်တော် နာယကထံ ပေးပို့ရမည်။

(ဃ) ဥက္ကဋ္ဌသည် နည်းဥပဒေခွဲ (ဂ) အရ ဆောင်ရွက်ကြောင်းကို အမျိုးသားလွှတ်တော်ဥက္ကဋ္ဌထံ အကြောင်းကြားရမည်။

**အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်များကို သဘောမတူခြင်း**

၁၉၅။ လွှတ်တော်က အတည်ပြုပြီး ပေးပို့သည့်ဥပဒေကြမ်းအား အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်များဖြင့် ပြန်လည်ပေးပို့လာခြင်းကို -

(က) နည်းဥပဒေ ၁၉၃ အရ လွှတ်တော်တွင် ပြန်လည်ဆွေးနွေးရာ၌ အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်များအား လွှတ်တော်က သဘောမတူကြောင်း ဆုံးဖြတ်လျှင် လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ထိုသို့သဘောကွဲလွဲခြင်းကို ပြည်ထောင်စုလွှတ်တော်တွင် ဆွေးနွေးဆုံးဖြတ်ရန် တင်ပြသင့်ကြောင်း ဆောလျင်စွာ အဆိုတင်သွင်း၍ ထိုသို့ သဘောကွဲလွဲကြောင်း ဥက္ကဋ္ဌက ပြည်ထောင်စုလွှတ်တော်နာယကထံ တင်ပြရမည်။ ယင်းသို့ တင်ပြရာတွင် လွှတ်တော်က အတည်ပြုထားသော မူလဥပဒေကြမ်းနှင့် အမျိုးသားလွှတ်တော်က ပေးပို့သော ပြင်ဆင်ချက်များကို ပူးတွဲပေးပို့ တင်ပြရမည်။

(ခ) ဥက္ကဋ္ဌသည် နည်းဥပဒေခွဲ (က) အရ ဆောင်ရွက်ကြောင်းကို အမျိုးသားလွှတ်တော်ဥက္ကဋ္ဌထံ အကြောင်းကြားရမည်။

**အမျိုးသားလွှတ်တော်က သဘောမတူကြောင်း ပြန်ကြားသောဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဆောင်ရွက်ခြင်း**

၁၉၆။ လွှတ်တော်ကအတည်ပြုပြီး အမျိုးသားလွှတ်တော်သို့ ပေးပို့သော ဥပဒေကြမ်းတစ်ရပ်ကို အမျိုးသားလွှတ်တော်က သဘောမတူကြောင်း ပြန်ကြားလာလျှင် ယင်းပြန်ကြားချက်ရရှိကြောင်း ဥက္ကဋ္ဌက လွှတ်တော်သို့ အသိပေးရမည်။

၁၉၇။ (က) နည်းဥပဒေ ၁၉၆ အရ လွှတ်တော်သို့ အသိပေးပြီးနောက် လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ထိုသို့ အမျိုးသားလွှတ်တော်က သဘောမတူခြင်းကို ပြည်ထောင်စုလွှတ်တော်သို့ တင်ပြသင့်ကြောင်း ဆောလျင်စွာ အဆိုတင်သွင်း၍ ဥက္ကဋ္ဌက ပြည်ထောင်စုလွှတ်တော်နာယကထံ တင်ပြရမည်။ ယင်းသို့ တင်ပြရာတွင် မူလဥပဒေကြမ်းနှင့် အမျိုးသားလွှတ်တော်က သဘောမတူကြောင်း ပြန်ကြားချက်ကို ပူးတွဲပေးပို့တင်ပြရမည်။

(ခ) ဥက္ကဋ္ဌသည် နည်းဥပဒေခွဲ (က) အရ ဆောင်ရွက်ကြောင်းကို အမျိုးသားလွှတ်တော် ဥက္ကဋ္ဌထံ အကြောင်းကြားရမည်။

## အခန်း (၁၉)

## အမျိုးသားလွှတ်တော်၌ စတင်တင်သွင်း၍ အတည်ပြုပြီးသောဥပဒေကြမ်း

### အမျိုးသားလွှတ်တော်က အတည်ပြုပြီးသောဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဆောင်ရွက်ခြင်း

၁၉၈။ အမျိုးသားလွှတ်တော်တွင် စတင်တင်သွင်း၍ အတည်ပြုပြီးသော ဥပဒေကြမ်းကို လွှတ်တော်က ရရှိလျှင် -

(က) ဥက္ကဋ္ဌသည် ယင်းသို့ ရရှိကြောင်း လွှတ်တော်သို့အသိပေးပြီး ဥပဒေကြမ်း၏မိတ္တူများကို ပြည်သူ့လွှတ်တော်ရုံး ညွှန်ကြားရေးမှူးချုပ်က ဥပဒေကြမ်းကော်မတီနှင့် လွှတ်တော်ကိုယ်စားလှယ်များထံ ဆောလျင်စွာဝေငှစေရမည်။

(ခ) ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ သို့မဟုတ် ကော်မတီဥက္ကဋ္ဌက တာဝန်ပေးအပ်သူသည် ယင်းဥပဒေကြမ်းကို ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာနှင့်အတူ လွှတ်တော်တွင် ဆွေးနွေးနိုင်ရန် တင်သွင်းရမည်။

(ဂ) ယင်းဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသော လွှတ်တော်ကိုယ်စားလှယ်သည် ဥပဒေကြမ်းကို ဆွေးနွေးရန် အဆိုတင်သွင်းလိုကြောင်း အကြောင်းကြားစာကို လက်မှတ်ရေးထိုးပြီး ဆွေးနွေးမည့်နေ့ရက် မတိုင်မီ ရုံးပိတ်ရက်များမပါ သုံးရက်ကြိုတင်၍ ပြည်သူ့လွှတ်တော်ရုံး ညွှန်ကြားရေးမှူးချုပ်ထံ ပေးပို့ရမည်။

(ဃ) ဥက္ကဋ္ဌက သင့်လျော်သည်ဟု ထင်မြင်ယူဆပါက နည်းဥပဒေခွဲ (ဂ) ပါ ရက်ကန့်သတ်ချက်ကို လျှော့ပေါ့၍ ဥပဒေကြမ်းကို ဆွေးနွေးရန် အဆိုအား တင်သွင်းခွင့်ပြုနိုင်သည်။

(င) ဥပဒေကြမ်းကို ဆွေးနွေးရန် အဆိုအတည်ဖြစ်သောအခါ လိုက်နာရမည့်နည်းလမ်းမှာ လွှတ်တော်တွင် ဥပဒေကြမ်း စတင်တင်သွင်းသောနည်းလမ်းအတိုင်းဖြစ်သည်။

၁၉၉။ အမျိုးသားလွှတ်တော်တွင် စတင်တင်သွင်း၍ အတည်ပြုပြီးသော ဥပဒေကြမ်းကို လွှတ်တော်သည် ပြင်ဆင်ချက်များမပြုလုပ်ဘဲ သဘောတူလျှင် ထိုသို့ သဘောတူကြောင်းကို အမျိုးသားလွှတ်တော်သို့ ပြန်ကြားရမည်။

၂၀၀။ အမျိုးသားလွှတ်တော်တွင် စတင်တင်သွင်း၍ အတည်ပြုပြီးသော ဥပဒေကြမ်းကို လွှတ်တော်က သဘောမတူလျှင် ထိုသို့ သဘောမတူကြောင်းကို အမျိုးသားလွှတ်တော်သို့ ပြန်ကြားရမည်။ ပြင်ဆင်ချက်များဖြင့် သဘောတူလျှင် ယင်းသို့ ပြင်ဆင်ချက်များဖြင့် သဘောတူကြောင်း အကြောင်းကြားစာနှင့်တကွ ပြင်ဆင်ချက်မိတ္တူတစ်စောင်ကိုပါ အမျိုးသားလွှတ်တော်သို့ ပြန်လည်ပေးပို့ရမည်။

## အခန်း (၂၀)

## နည်းဥပဒေများ၊ စည်းမျဉ်းနှင့်စည်းကမ်းများကို လွှတ်တော်သို့တင်ပြခြင်း

၂၀၁။ ပြည်ထောင်စုလွှတ်တော်က ပြဋ္ဌာန်းသည့် ဥပဒေအရပြုသည့် နည်းဥပဒေများ၊ စည်းမျဉ်း သို့မဟုတ် စည်းကမ်းတစ်ရပ်ရပ်ကို ထုတ်ပြန်ပြီးသည့်အခါ သက်ဆိုင်ရာအဖွဲ့အစည်းသည် မိမိထုတ်ပြန်သည့်

နည်းဥပဒေများ၊ စည်းမျဉ်း သို့မဟုတ် စည်းကမ်းကို အနီးကပ်ဆုံးကျင်းပသော လွှတ်တော်ပုံမှန်အစည်းအဝေး ကာလတွင် ဥက္ကဋ္ဌက ခွင့်ပြုသည့်အစီအစဉ်ဖြင့် လွှတ်တော်ကိုယ်စားလှယ်များထံ ဖြန့်ဝေတင်ပြရမည်။

၂၀၂။ နည်းဥပဒေ ၂၀၁ အရ ဖြန့်ဝေတင်ပြသော နည်းဥပဒေများ၊ စည်းမျဉ်း သို့မဟုတ် စည်းကမ်း တစ်ရပ်ရပ်သည် သက်ဆိုင်ရာဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် ညီညွတ်မှုမရှိကြောင်း တွေ့ရှိပါက ယင်းနည်းဥပဒေများ၊ စည်းမျဉ်း သို့မဟုတ် စည်းကမ်းကို ပယ်ဖျက်ရန် သို့မဟုတ် ပြင်ဆင်စေရန် နည်းဥပဒေများ၊ စည်းမျဉ်း သို့မဟုတ် စည်းကမ်းဖြန့်ဝေတင်ပြသော နေ့ရက်မှ ရက်ပေါင်း ၉၀ အတွင်း လွှတ်တော် ကိုယ်စားလှယ်များက လွှတ်တော်တွင် အဆိုတင်သွင်းနိုင်သည်။ ယင်းသို့ အဆိုတင်သွင်းခြင်းမရှိပါက အတည်ပြုသည်ဟု မှတ်ယူရမည်။

၂၀၃။ နည်းဥပဒေ ၂၀၁ အရ ဖြန့်ဝေတင်ပြသော နည်းဥပဒေ၊ စည်းမျဉ်း သို့မဟုတ် စည်းကမ်းတစ်ရပ်ရပ်ကို ပယ်ဖျက်ရန် သို့မဟုတ် ပြင်ဆင်စေရန် ဆုံးဖြတ်ရာတွင် လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့ သဘော ကွဲလွဲပါက နည်းဥပဒေ ၁၉၅ နှင့် ၁၉၇ တို့အရ ပြည်ထောင်စုလွှတ်တော်သို့ တင်ပြရမည်။

၂၀၄။ နည်းဥပဒေ ၂၀၂ အရ လွှတ်တော်ကိုယ်စားလှယ်များက အဆိုတင်သွင်းလျှင် နည်းဥပဒေ ၁၈၆ မှ ၁၉၀ အထိ ပါရှိသော နည်းလမ်းများနှင့်အညီ ဆောင်ရွက်ရမည်။

## အခန်း (၂၁)
## နိုင်ငံတော်သမ္မတနှင့်လွှတ်တော်ဆက်သွယ်ရေး

### နိုင်ငံတော်သမ္မတက လွှတ်တော်နှင့်ဆက်သွယ်ခြင်း

၂၀၅။ နိုင်ငံတော်သမ္မတက နိုင်ငံတော်၏မူဝါဒများနှင့် နိုင်ငံတော်၏ အခြေအနေအရပ်ရပ်တို့နှင့်စပ်လျဉ်း၍ လွှတ်တော်အစည်းအဝေးတွင် မိန့်ခွန်းပြောကြားလိုကြောင်း သို့မဟုတ် သဝဏ်လွှာပေးပို့လိုကြောင်း သို့မဟုတ် နိုင်ငံတော်သမ္မတကိုယ်စား ပြည်ထောင်စုအစိုးရအဖွဲ့ဝင်တစ်ဦးအား လွှတ်တော်တွင် နှုတ်ဖြင့် တင်ပြစေ လိုကြောင်း အကြောင်းကြားသည့်အခါ ဥက္ကဋ္ဌသည် လိုအပ်သလို စီစဉ်ဆောင်ရွက်ပေးရမည်။

### လွှတ်တော်က နိုင်ငံတော်သမ္မတနှင့်ဆက်သွယ်ခြင်း

၂၀၆။ လွှတ်တော်သည် နိုင်ငံတော်သမ္မတအား အကြောင်းကြားရန်ရှိသောအခါ အောက်ဖော်ပြပါနည်း တစ်နည်းနည်းဖြင့် အကြောင်းကြားနိုင်သည် -

(က) လွှတ်တော်တွင် အဆိုတစ်ရပ် တင်သွင်းအတည်ပြုပြီးနောက် သဝဏ်လွှာအဖြစ်ဖြင့် ဥက္ကဋ္ဌထံမှ တစ်ဆင့် နိုင်ငံတော်သမ္မတထံ ပေးပို့ခြင်း၊

(ခ) လွှတ်တော်ကိုယ်စား ဥက္ကဋ္ဌက နိုင်ငံတော်သမ္မတထံ သဝဏ်လွှာပေးပို့ခြင်း။

## အခန်း (၂၂)
## အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်နှင့်လွှတ်တော်

၂၀၇။ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၈ အရ နိုင်ငံတော်သမ္မတသည် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် အား နိုင်ငံတော်၏ ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးအာဏာများကို လွှဲအပ်ကြောင်း ကြေညာ သည့်နေ့မှစ၍ လွှတ်တော်၏ ဥပဒေပြုရေးဆိုင်ရာ လုပ်ငန်းများကို ရပ်ဆိုင်းထားသည်ဟု မှတ်ယူရမည်။ လွှတ်တော်သက်တမ်း ကုန်ဆုံးသည့်အခါ လွှတ်တော်သည် အလိုအလျောက် ဖျက်သိမ်းပြီးဖြစ်သည်ဟု မှတ်ယူရမည်။

၂၀၈။ မိမိအားပေးအပ်ထားသော တာဝန်ကို ပြီးမြောက်အောင် ဆောင်ရွက်ပြီးစီးကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ထံမှ အစီရင်ခံစာရရှိသည့်အခါ လွှတ်တော်သက်တမ်း ကုန်ဆုံးခြင်းမရှိသေးပါက နိုင်ငံတော်သမ္မတက ပြည်ထောင်စုလွှတ်တော်၊ လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်အားလုံးနှင့် သက်ဆိုင်ရာဦးစီးအဖွဲ့များ၏ ဥပဒေပြုရေးဆိုင်ရာလုပ်ငန်းများ ယာယီရပ်ဆိုင်းထားခြင်းကို ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၂၃ အရ ပယ်ဖျက်လျှင် လွှတ်တော်သည် ကျန်ရှိသော လွှတ်တော်သက်တမ်းအတွက် ဆက်လက်တာဝန်ထမ်းဆောင်ရမည်။

## အခန်း (၂၃)
## ဖွံ့ဖြိုးရေးရန်ပုံငွေသုံးစွဲခြင်း

၂၀၉။ သက်ဆိုင်ရာ လွှတ်တော်ကိုယ်စားလှယ်သည် နှစ်စဉ် ပြည်ထောင်စု၏ ရသုံးခန့်မှန်းခြေငွေစာရင်းတွင် လွှတ်တော်မဲဆန္ဒနယ်မြေအလိုက် ခွဲဝေသတ်မှတ်သည့် ဖွံ့ဖြိုးရေးရန်ပုံငွေကို သက်ဆိုင်ရာ နယ်မြေဒေသရှိ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များနှင့် ပြည်သူလူထုများ ညှိနှိုင်းပြီး သတ်မှတ်ချက်များနှင့်အညီ သုံးစွဲခွင့်ပြုသည်။

၂၁၀။ ပြည်သူ့လွှတ်တော်ရုံး၏ နှစ်စဉ်ရသုံးခန့်မှန်းခြေငွေစာရင်းတွင် မြို့နယ်အလိုက်သုံးစွဲရမည့် လျာထားသည့် ဖွံ့ဖြိုးရေးရန်ပုံငွေကို ထည့်သွင်းရေးဆွဲရမည်။

၂၁၁။ ဥက္ကဋ္ဌသည် ဖွံ့ဖြိုးရေးရန်ပုံငွေ ထိန်းသိမ်းသုံးစွဲရေးနှင့်စပ်လျဉ်း၍ လိုအပ်သော လုပ်ထုံးလုပ်နည်းများ၊ အမိန့်၊ အမိန့်ကြော်ငြာစာနှင့် ညွှန်ကြားချက်များကို ထုတ်ပြန်ရမည်။

၂၁၂။ မြို့နယ်ဖွံ့ဖြိုးရေးရန်ပုံငွေ ထိန်းသိမ်းသုံးစွဲရေးနှင့်စပ်လျဉ်း၍ တာဝန်ပေးအပ်ခြင်းခံရသော ကော်မတီသည် ဥက္ကဋ္ဌကထုတ်ပြန်သော လုပ်ထုံးလုပ်နည်းများ၊ အမိန့်၊ အမိန့်ကြော်ငြာစာ၊ ညွှန်ကြားချက်များနှင့်အညီ ဆောင်ရွက်ရမည်။

၂၁၃။ မြို့နယ်ဖွံ့ဖြိုးရေးရန်ပုံငွေ ထိန်းသိမ်းသုံးစွဲရေးနှင့်စပ်လျဉ်း၍ တာဝန်ပေးအပ်ခြင်းခံရသော ကော်မတီသည် သက်ဆိုင်ရာမြို့နယ်၏ ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေး၊ ရေရရှိရေးလုပ်ငန်းနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ အခြားလုပ်ငန်းများကို ကော်မတီ၏ သဘောတူညီချက်ဖြင့်သာ သုံးစွဲရမည်။

## အခန်း (၂၄)
## အထွေထွေ

၂၁၄။ လွှတ်တော်သက်တမ်းတစ်ရပ်ရပ်အတွက် လွှတ်တော်အခွင့်အရေးကော်မတီ မဖွဲ့စည်းရသေးမီ နည်းဥပဒေ ၈၇ ပါ လွှတ်တော်ကိုယ်စားလှယ် စိစစ်ရေးလုပ်ငန်းများကို ပြည်သူ့လွှတ်တော်ရုံးက တာဝန်ယူဆောင်ရွက်ရမည်။

၂၁၅။ လွှတ်တော်အစည်းအဝေးသို့ တက်ရောက်သော လွှတ်တော်ကိုယ်စားလှယ်များကို ဥက္ကဋ္ဌက သတ်မှတ်သည့် အစီအစဉ်အတိုင်း လွှတ်တော်အစည်းအဝေးခန်းမအတွင်း၌ နေရာချထားရမည်။

၂၁၆။ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းတစ်ရပ်ရပ်ကို ကိုယ်စားပြုသော အဖွဲ့အစည်းဝင်များ သို့မဟုတ် ဥက္ကဋ္ဌ၏ ခွင့်ပြုချက်ရရှိပြီးသည့် လွှတ်တော်ကိုယ်စားလှယ်မဟုတ်သော ပုဂ္ဂိုလ်များ လွှတ်တော်အစည်းအဝေးသို့ တက်ရောက်ရန် လွှတ်တော်အစည်းအဝေးခန်းမတွင် သီးသန့်နေရာသတ်မှတ်ပေးရမည်။

၂၁၇။ လွှတ်တော်အစည်းအဝေးသို့ တက်ရောက်လေ့လာလိုသူသည် ပြည်သူ့လွှတ်တော်ရုံးမှတစ်ဆင့် ဥက္ကဋ္ဌထံ ခွင့်ပြုချက်တောင်းခံရမည်။ တက်ရောက်လေ့လာသော ပုဂ္ဂိုလ်များသည် လွှတ်တော်၏ဂုဏ်သိက္ခာကို

စောင့်ထိန်းရန် သတ်မှတ်ထားသည့် စည်းကမ်းများကို လိုက်နာရမည်။ လိုက်နာခြင်း မရှိပါက ဥက္ကဋ္ဌသည် လွှတ်တော်ဆိုင်ရာဥပဒေအရသော်လည်းကောင်း၊ တည်ဆဲဥပဒေတစ်ရပ်ရပ်အရသော်လည်းကောင်း အရေးယူဆောင်ရွက်နိုင်သည်။

၂၁၈။ လွှတ်တော်အစည်းအဝေးကို တံခါးပိတ်ကျင်းပမည်ဟု ဥက္ကဋ္ဌက ကြေညာလျှင် ဥက္ကဋ္ဌက ခွင့်ပြုထားသူများမှအပ ကျန်ပုဂ္ဂိုလ်များသည် အစည်းအဝေးခန်းမမှ ထွက်ခွာပေးရမည်။

၂၁၉။ လွှတ်တော်အစည်းအဝေးသို့ တက်ရောက်နေသော လွှတ်တော်ကိုယ်စားလှယ်တစ်ဦးကိုဖြစ်စေ၊ ဥက္ကဋ္ဌ၏ ခွင့်ပြုချက် သို့မဟုတ် ဖိတ်ကြားချက်အရ အစည်းအဝေးသို့ တက်ရောက်နေသော ပုဂ္ဂိုလ်တစ်ဦးကို ဖြစ်စေ ဖမ်းဆီးရန် လိုအပ်ပါက ခိုင်လုံသောအထောက်အထားကို ဥက္ကဋ္ဌထံ တင်ပြရမည်။ ဥက္ကဋ္ဌ၏ ကြိုတင်ခွင့်ပြုချက်မရရှိဘဲ ဖမ်းဆီးခြင်းမပြုရ။

၂၂၀။ လွှတ်တော် ကော်မတီ၊ ကော်မရှင်နှင့် အဖွဲ့ အစည်းအဝေးသို့ တက်ရောက်နေသည့် အဖွဲ့ဝင်တစ်ဦးအား ဖမ်းဆီးရန်လိုအပ်ပါ ခိုင်လုံသောအထောက်အထားကို သက်ဆိုင်ရာကော်မတီ၊ ကော်မရှင် သို့မဟုတ် အဖွဲ့၏ဥက္ကဋ္ဌမှတစ်ဆင့် ဥက္ကဋ္ဌထံ တင်ပြရမည်။ ဥက္ကဋ္ဌ၏ ကြိုတင်ခွင့်ပြုချက်မရရှိဘဲ ဖမ်းဆီးခြင်းမပြုရ။

၂၂၁။ လွှတ်တော်အစည်းအဝေး သို့မဟုတ် လွှတ်တော် ကော်မတီ၊ ကော်မရှင်နှင့် အဖွဲ့ အစည်းအဝေး ကျင်းပချိန်မဟုတ်လျှင် လွှတ်တော်ကိုယ်စားလှယ်တစ်ဦးအား ဖမ်းဆီးပါက ထိုသို့ ဖမ်းဆီးခြင်းနှင့်စပ်လျဉ်းသည့် ခိုင်လုံသောအထောက်အထားကို ဥက္ကဋ္ဌထံ ဆောလျင်စွာတင်ပြရမည်။

၂၂၂။ လွှတ်တော်ကိုယ်စားလှယ်ရုံးများ၏ လုပ်ငန်းတာဝန်များသည် ဥက္ကဋ္ဌက သတ်မှတ်ပေးသည့်အတိုင်း ဖြစ်သည်။

၂၂၃။ လွှတ်တော်သည် လွှတ်တော်ရေးရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများ၊ ဒေသဆိုင်ရာအဖွဲ့အစည်းများနှင့်လည်းကောင်း၊ မြန်မာနိုင်ငံလွှတ်တော်ဆိုင်ရာအဖွဲ့နှင့်လည်းကောင်း ဥက္ကဋ္ဌ၏ လမ်းညွှန်ချက်နှင့်အညီ ပူးပေါင်းညှိနှိုင်းဆောင်ရွက်ရမည်။

၂၂၄။ ပြည်သူ့လွှတ်တော်ရုံးသည် ပြည်ထောင်စုအစိုးရအဖွဲ့ရုံးအပါအဝင် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ဖွဲ့စည်းသော ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ၏ ရုံးများနှင့် တိုက်ရိုက်ဆက်သွယ် ဆောင်ရွက်နိုင်သည်။ ထိုသို့ ဆက်သွယ်ဆောင်ရွက်ရာတွင် ဥက္ကဋ္ဌက တာဝန်ပေးအပ်သည့် ရုံးအဖွဲ့မှူးနှင့် ရုံးအဖွဲ့မှူးထက် အဆင့်မြင့်သော ပုဂ္ဂိုလ်တစ်ဦးဦးက ဆက်သွယ်ဆောင်ရွက်ရမည်။

၂၂၅။ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေများ (နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ နည်းဥပဒေများ အမှတ် ၅/၂၀၁၀) ကို ဤနည်းဥပဒေများဖြင့် ရုပ်သိမ်းလိုက်သည်။

(ပုံ) သူရရွှေမန်း
ဥက္ကဋ္ဌ
ပြည်သူ့လွှတ်တော်

နောက်ဆက်တွဲ (က)

**ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်/သဘာပတိ**
**ကတိသစ္စာပြုချက်**

[နည်းဥပဒေ ၅ (ဂ) နှင့် ၉ (က)]

“ကျွန်ုပ် . . . . . . . . . . . . . . . . . . . . . . . . သည် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်/သဘာပတိအဖြစ် ရွေးချယ်ခံရပြီးဖြစ်သဖြင့် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်ပြီး နိုင်ငံတော်၏ ဥပဒေများကိုလည်း လိုက်နာပါမည်။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နှင့် နိုင်ငံသားများအပေါ် သစ္စာစောင့်သိရိုသေပါမည်။ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့ကို ထာဝစဉ်ဦးထိပ်ပန်ဆင်ဆောင်ရွက်ပါမည်။ ထို့ပြင် ယခု ကျွန်ုပ်ထမ်းဆောင်မည်ဖြစ်သော တာဝန်ဝတ္တရားများကို ဖြောင့်မတ်မှန်ကန်စွာ ဆောင်ရွက်မည်ဟု လေးနက် တည်ကြည်စွာ ကတိသစ္စာပြုပါသည်။”

နောက်ဆက်တွဲ (ခ)

**ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ/ဒုတိယဥက္ကဋ္ဌ**
**ကတိသစ္စာပြုချက်**

[နည်းဥပဒေ ၁၄]

"ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ/ဒုတိယဥက္ကဋ္ဌအဖြစ် ရွေးကောက်တင်မြှောက်ခံရပြီးဖြစ်သော ကျွန်ုပ် ...................... သည် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်ပြီး နိုင်ငံတော်၏ဥပဒေများကိုလည်း လိုက်နာပါမည်။ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးတို့ကို ထာဝစဉ်ဦးထိပ်ပန်ဆင် ဆောင်ရွက်ပါမည်။

ကျွန်ုပ် ထမ်းဆောင်ရမည်ဖြစ်သော တာဝန်ဝတ္တရားများကို ဖြောင့်မတ်မှန်ကန်စွာဖြင့် ကိုယ်စွမ်းရှိသရွေ့၊ ဉာဏ်စွမ်းရှိသရွေ့ ထမ်းဆောင်မည်ဖြစ်ကြောင်း လေးနက်တည်ကြည်စွာ ကြေညာ၍ ကတိသစ္စာပြုပါသည်။"

နောက်ဆက်တွဲ (ဂ)

## စက်ခလုတ်အသုံးပြု၍ လျှို့ဝှက်စွာဆန္ဒပြုသည့်နည်းလမ်း

[နည်းဥပဒေ ၈ (က)၊ ၁၉ (တ) (၁)]

၁။ လွှတ်တော်တွင် သဘာပတိတင်မြှောက်ခြင်း၊ ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌရွေးကောက်တင်မြှောက်ခြင်း၊ ဥက္ကဋ္ဌနှင့်ဒုတိယဥက္ကဋ္ဌအား တာဝန်မှရုပ်သိမ်းခြင်း၊ အဆို၊ ဥပဒေကြမ်းနှင့် လွှတ်တော်သို့ တင်သွင်းသော အခြားအကြောင်းအရာတစ်ရပ်ရပ်နှင့်စပ်လျဉ်း၍ လွှတ်တော်၏အဆုံးအဖြတ် ရယူခြင်းတို့အတွက် လွှတ်တော်ကိုယ်စားလှယ်များက စက်ခလုတ်အသုံးပြု၍ ဆန္ဒမဲပေးသည့်နည်းလမ်းကို အောက်ပါအတိုင်း ဆောင်ရွက်ရမည် -

(က) အခမ်းအနားမှူး သို့မဟုတ် သဘာပတိ သို့မဟုတ် ဥက္ကဋ္ဌကဆန္ဒမဲပေးရန် အသင့်ရှိစေလိုကြောင်း ကြေညာပြီးနောက် အစည်းအဝေးခန်းမမျက်နှာစာရှိ အစိမ်းရောင်အချက်ပြမီးတန်းလင်းလာသည့်အခါ လွှတ်တော်ကိုယ်စားလှယ်များက ဆန္ဒမဲပေးကိရိယာကို အသုံးပြု၍ ဆန္ဒမဲပေးရမည်။

(ခ) ယင်းသို့ ဆန္ဒမဲပေးရာ၌ လွှတ်တော်ကိုယ်စားလှယ်များ၏ စားပွဲတွင်ထားရှိသော အစိမ်းရောင်၊ အနီရောင်၊ အဝါရောင် ခလုတ်သုံးခုအနက် -

(၁) ထောက်ခံဆန္ဒမဲပေးလိုလျှင် အစိမ်းရောင်ခလုတ်ကို နှိပ်ရမည်။

(၂) ကန့်ကွက်ဆန္ဒမဲပေးလိုလျှင် အနီရောင်ခလုတ်ကို နှိပ်ရမည်။

(၃) ကြားနေဆန္ဒမဲပေးလိုလျှင် အဝါရောင်ခလုတ်ကို နှိပ်ရမည်။

(ဂ) ဆန္ဒမဲပေးရန် အစိမ်းရောင်အချက်ပြမီးတန်း မမှိတ်မီ ဆန္ဒမဲပေးခလုတ်ကို နှိပ်ရမည်။ မှားယွင်းနှိပ်မိ၍ ပြင်ဆင်လိုပါက မိမိနှိပ်လိုသည့်ခလုတ်ကို ပြင်ဆင်နှိပ်နိုင်သည်။ စက္ကန့် ၃၀ အတွင်း အစိမ်းရောင်အချက်ပြမီးတန်းမမှိတ်မီ နောက်ဆုံးနှိပ်သောခလုတ်သည် ဆန္ဒမဲပေးခြင်းအတွက် အတည်ဖြစ်သည်။

(ဃ) ခလုတ်တစ်ခုတည်းကို နှစ်ကြိမ်နှိပ်လျှင် ဆန္ဒမဲပေးခြင်း ပျက်ပြယ်မည်။

၂။ လွှတ်တော်ရုံး ညွှန်ကြားရေးမှူးချုပ်က တာဝန်ပေးအပ်ထားသော လွှတ်တော်ရုံးမှ ညွှန်ကြားရေးမှူး အဆင့်ထက် မနိမ့်သောအရာရှိတစ်ဦးကို ကြီးကြပ်သူအရာရှိအဖြစ် တာဝန်ထမ်းဆောင်စေရမည်။ ကြီးကြပ်သူအရာရှိအား အထောက်အကူပြုရန် လွှတ်တော်ရုံးမှ အရာရှိတစ်ဦးအား တာဝန်ပေးအပ်ရမည်။

၃။ စက်ဖြင့် ဆန္ဒမဲရေတွက်ရာတွင် လွှတ်တော်ကိုယ်စားလှယ်များ ဆန္ဒမဲပေးပြီးတိုင်း လွှတ်တော်ကိုယ်စားလှယ်များပေးသော အောက်ပါဆန္ဒမဲအရေအတွက်ကို စက်မှခွဲခြားရေတွက်ပြီး ဆန္ဒမဲစာရင်းဖော်ပြသည့် ကိရိယာတွင် ကိန်းဂဏန်းဖြင့်ဖော်ပြရမည် -

(က) ဆန္ဒမဲပေးခွင့်ရှိသူပေါင်း၊

(ခ) ထောက်ခံဆန္ဒမဲပေါင်း၊

(ဂ) ကန့်ကွက်ဆန္ဒမဲပေါင်း၊

(ဃ) ကြားနေဆန္ဒမဲပေါင်း၊

(င) ဆန္ဒမဲအရေအတွက် စုစုပေါင်း။

၄။ သဘာပတိတင်မြှောက်ခြင်း၊ ဥက္ကဋ္ဌနှင့်ဒုတိယဥက္ကဋ္ဌ ရွေးကောက်တင်မြှောက်ခြင်းများအတွက် ဆန္ဒမဲပေးရာ၌ မိမိထောက်ခံလိုသည့် ပုဂ္ဂိုလ်တစ်ဦးအား အစိမ်းရောင်ခလုတ်ကိုနှိပ်၍ ထောက်ခံဆန္ဒမဲပေးပြီးလျှင် အခြားယှဉ်ပြိုင် အရွေးခံသည့် ပုဂ္ဂိုလ်တစ်ဦးအား ထပ်မံ၍ ထောက်ခံဆန္ဒမဲပေးခြင်း မပြုနိုင်ရန် စက်ခန်းက လိုအပ်သလို ဆောင်ရွက်ထားရမည်။

နောက်ဆက်တွဲ (ဃ)

**မတ်တတ်ရပ်၍ ဆန္ဒပြုသည့်နည်းလမ်း**

[နည်းဥပဒေ ၁၉ (တ) (၃)၊ ၈၄ (က)]

လွှတ်တော်တွင် အဆို၊ ဥပဒေကြမ်းနှင့် လွှတ်တော်သို့တင်သွင်းသော အခြားအကြောင်းအရာ တစ်ရပ်ရပ်နှင့်စပ်လျဉ်း၍ လွှတ်တော်၏အဆုံးအဖြတ် ရယူခြင်းတို့အတွက် လွှတ်တော်ကိုယ်စားလှယ်များက မတ်တတ်ရပ်၍ ဆန္ဒပြုသည့်နည်းလမ်းကို အသုံးပြုပါက အောက်ပါအတိုင်း ဆောင်ရွက်ရမည် -

(က) ဥက္ကဋ္ဌသည် အကြောင်းအရာတစ်ရပ်ရပ်နှင့်စပ်လျဉ်း၍ ပြောင်မဲပေးစနစ်ဖြင့် လွှတ်တော်၏ အဆုံးအဖြတ်ကို ရယူလိုပါက အကျိုးအကြောင်းရှင်းလင်းဖော်ပြ၍ သဘောတူသူများအား မိမိနေရာ များတွင် မတ်တတ်ရပ်ပြရန် ညွှန်ကြားရမည်။ ထက်ဝက်ကျော်က သဘောတူလျှင် လွှတ်တော်၏ နည်းဥပဒေများပါ သတ်မှတ်ချက်များနှင့်အညီ ဥက္ကဋ္ဌက ဆက်လက်ဆောင်ရွက်ရမည်။

(ခ) လွှတ်တော်ကိုယ်စားလှယ်တစ်ဦးဦးက ဥပဒေကြမ်းတစ်ရပ်ရပ်ကိုသော်လည်းကောင်း၊ အဆို တစ်ရပ်ရပ်ကိုသော်လည်းကောင်း လွှတ်တော်မှ လက်ခံစဉ်းစားပေးပါရန် အဆိုတစ်ရပ်တင်သွင်း သည့်အခါ ယင်းအဆိုနှင့်စပ်လျဉ်း၍ ကန့်ကွက်သူမရှိပါက ဆွေးနွေးရန် နည်းလမ်းကို လွှတ်တော်၏ နည်းဥပဒေများပါ သတ်မှတ်ချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်ရမည်။

(ဂ) လွှတ်တော်ကိုယ်စားလှယ်တစ်ဦးဦးက ကန့်ကွက်လျှင် ခွင့်ပြုရန် သဘောတူသော လွှတ်တော် ကိုယ်စားလှယ်များအား မိမိတို့နေရာများတွင် မတ်တတ်ရပ်ပြရန် ဥက္ကဋ္ဌက ညွှန်ကြားရမည်။ အကယ်၍ မတ်တတ်ရပ်ပြသည့် လွှတ်တော်ကိုယ်စားလှယ်ဦးရေသည် ၇၅ ဦးနှင့်အထက်ဖြစ်လျှင် ခွင့်ပြုသည်ဟုလည်းကောင်း၊ ၇၅ ဦးမပြည့်လျှင် ခွင့်မပြုဟုလည်းကောင်း ဥက္ကဋ္ဌက လွှတ်တော်သို့ ကြေညာရမည်။

ပုံစံ (၁)

ရုံးတံဆိပ်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**ပြည်သူ့လွှတ်တော်**

***သဘာပတိ/ဥက္ကဋ္ဌ/ဒုတိယဥက္ကဋ္ဌလောင်းအမည်စာရင်းတင်သွင်းလွှာ**

[နည်းဥပဒေ ၇ (ခ)၊ ၁၀ (က) နှင့် ၁၃ (ခ)]

ရက်စွဲ ——————

၁။　အမည်စာရင်းတင်သွင်းခံရသူအမည်　----------------------------------------
　　မဲဆန္ဒနယ်/တပ်မတော်ကိုယ်စားလှယ်　----------------------------------------
　　လက်မှတ်　----------------------------------------

၂။　အမည်စာရင်းတင်သွင်းသူအမည်　----------------------------------------
　　မဲဆန္ဒနယ်/တပ်မတော်ကိုယ်စားလှယ်　----------------------------------------
　　လက်မှတ်　----------------------------------------

၃။　ထောက်ခံသူအမည်　----------------------------------------
　　မဲဆန္ဒနယ်/တပ်မတော်ကိုယ်စားလှယ်　----------------------------------------
　　လက်မှတ်　----------------------------------------

မိမိအမည်စာရင်းတင်သွင်းခံရသူသည် *သဘာပတိ/ဥက္ကဋ္ဌ/ဒုတိယဥက္ကဋ္ဌအဖြစ် ရွေးကောက်တင်မြှောက်ခံရပါက *သဘာပတိ/ဥက္ကဋ္ဌ/ဒုတိယဥက္ကဋ္ဌအဖြစ် လက်ခံဆောင်ရွက်ရန် သဘောတူကြောင်း သဘောထားရယူပြီးဖြစ်ပါသည်။

လက်မှတ်　------------------------
အမည်　------------------------
မဲဆန္ဒနယ်/တပ်မတော်ကိုယ်စားလှယ်　------------------------

*မလိုအပ်သည်များကို ပယ်ဖျက်ရန်

ပုံစံ (၂)

ရုံးတံဆိပ်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ပြည်သူ့လွှတ်တော်**
***သဘာပတိ/ဥက္ကဋ္ဌ/ဒုတိယဥက္ကဋ္ဌလောင်းအမည်စာရင်းတင်သွင်းလွှာ**
**ထုတ်ယူရရှိကြောင်း လက်မှတ်ရေးထိုးရန်ပုံစံ**

[နည်းဥပဒေ ၇ (ခ)၊ ၁၀ (က) နှင့် ၁၃ (ခ)]

ရက်စွဲ ——————

| အမှတ်စဉ် | အမည်စာရင်းတင်သွင်းလွှာ ထုတ်ယူသူအမည် | မဲဆန္ဒနယ်/တပ်မတော် ကိုယ်စားလှယ် | လက်မှတ် | မှတ်ချက် |
|---|---|---|---|---|
| ၁။ | | | | |
| ၂။ | | | | |
| ၃။ | | | | |
| ၄။ | | | | |
| ၅။ | | | | |
| ၆။ | | | | |
| ၇။ | | | | |
| ၈။ | | | | |
| ၉။ | | | | |
| ၁၀။ | | | | |

*မလိုအပ်သည်ကို ပယ်ဖျက်ရန်

ပုံစံ (၃)

ရုံးတံဆိပ်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**ပြည်သူ့လွှတ်တော်**

***သဘာပတိ/ဥက္ကဋ္ဌ/ဒုတိယဥက္ကဋ္ဌလောင်း အမည်စာရင်းကြေညာလွှာ**

[နည်းဥပဒေ ၇ (င)၊ ၁၀ (င) နှင့် ၁၃ (ခ)]

ရက်စွဲ ——————

| အမှတ်စဉ် | *သဘာပတိ/ဥက္ကဋ္ဌ/ ဒုတိယဥက္ကဋ္ဌလောင်းအမည် (အက္ခရာအစဉ်အလိုက်) | မဲဆန္ဒနယ်/တပ်မတော်ကိုယ်စားလှယ် |
|---|---|---|
| ၁။ | | |
| ၂။ | | |
| ၃။ | | |
| ၄။ | | |
| ၅။ | | |
| ၆။ | | |
| ၇။ | | |
| ၈။ | | |
| ၉။ | | |
| ၁၀။ | | |

မှန်ကန်ကြောင်း အတည်ပြုသည်။

ကြီးကြပ်သူအရာရှိ

လက်မှတ် ----------------------

အမည် ----------------------

ရာထူး ------------------------

ဌာန ------------------------

* အခမ်းအနားမှူး/သဘာပတိ

လက်မှတ် ----------------------

အမည် ----------------------

* မလိုအပ်သည်ကို ပယ်ဖျက်ရန်

ပုံစံ (၄)

ရုံးတံဆိပ်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ပြည်သူ့လွှတ်တော်**
***သဘာပတိ/ဥက္ကဋ္ဌ/ဒုတိယဥက္ကဋ္ဌလောင်း တစ်ဦးချင်းအား**
**ဆန္ဒမဲပေးမှုအခြေအနေဖော်ပြသည့်ပုံစံ**

[နည်းဥပဒေ ၈ (ခ) (၁)၊ ၁၂ (ခ) (၁) နှင့် ၁၃ (ခ)]

ရက်စွဲ ——————

အစည်းအဝေးသို့တက်ရောက်၍ ဆန္ဒမဲပေးသည့် လွှတ်တော်ကိုယ်စားလှယ်စုစုပေါင်းဦးရေ (        )

| အမှတ်စဉ် | *သဘာပတိ/ဥက္ကဋ္ဌ/ ဒုတိယဥက္ကဋ္ဌလောင်းအမည် (အက္ခရာအစဉ်အလိုက်) | ထောက်ခံဆန္ဒမဲ အရေအတွက် | ကန့်ကွက်ဆန္ဒမဲ အရေအတွက် | ကြားနေဆန္ဒမဲ အရေအတွက် | ဆန္ဒမဲမပေးသူ အရေအတွက် | စုစုပေါင်း |
|---|---|---|---|---|---|---|
| ၁။ | | | | | | |
| ၂။ | | | | | | |
| ၃။ | | | | | | |
| ၄။ | | | | | | |
| ၅။ | | | | | | |
| ၆။ | | | | | | |
| ၇။ | | | | | | |
| ၈။ | | | | | | |
| ၉။ | | | | | | |
| ၁၀။ | | | | | | |

မှန်ကန်ကြောင်း အတည်ပြုသည်။

ကြီးကြပ်သူအရာရှိ

လက်မှတ် ----------------------

အမည် ----------------------

ရာထူး ----------------------

ဌာန ----------------------

* အခမ်းအနားမှူး/သဘာပတိ

လက်မှတ် ----------------------

အမည် ----------------------

* မလိုအပ်သည်ကို ပယ်ဖျက်ရန်

ပုံစံ (၅)

ရုံးတံဆိပ်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ပြည်သူ့လွှတ်တော်**
***သဘာပတိ/ဥက္ကဋ္ဌ/ဒုတိယဥက္ကဋ္ဌလောင်း တစ်ဦးချင်းရရှိသော**
**ထောက်ခံဆန္ဒမဲ အများအနည်းအလိုက်အမည်စာရင်း**

[နည်းဥပဒေ ၈ (ခ) (၄)၊ ၁၂ (ခ) (၄) နှင့် ၁၃ (ခ)]

ရက်စွဲ ——————

| အမှတ်စဉ် | *သဘာပတိ/ဥက္ကဋ္ဌ/ ဒုတိယဥက္ကဋ္ဌလောင်းအမည် | ရရှိသည့် ထောက်ခံမဲ စုစုပေါင်း | မှတ်ချက် |
|---|---|---|---|
| ၁။ | | | |
| ၂။ | | | |
| ၃။ | | | |
| ၄။ | | | |
| ၅။ | | | |
| ၆။ | | | |
| ၇။ | | | |
| ၈။ | | | |
| ၉။ | | | |
| ၁၀။ | | | |

မှန်ကန်ကြောင်း အတည်ပြုသည်။

ကြီးကြပ်သူအရာရှိ　　　　* အခမ်းအနားမှူး/သဘာပတိ

လက်မှတ် ----------------------　　လက်မှတ် ----------------------

အမည် ----------------------　　အမည် ----------------------

ရာထူး ----------------------

ဌာန ----------------------

* မလိုအပ်သည်ကို ပယ်ဖျက်ရန်

ပုံစံ (၆)

ရုံးတံဆိပ်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**ပြည်သူ့လွှတ်တော်**

***ဥက္ကဋ္ဌ/ဒုတိယဥက္ကဋ္ဌကို တာဝန်မှ ရုပ်သိမ်းခြင်းနှင့်စပ်လျဉ်း၍**

**ဆန္ဒမဲပေးမှုအခြေအနေကို မှတ်တမ်းတင်ရန်ပုံစံ**

[နည်းဥပဒေ ၁၁၈ (က)၊ ၁၂၆ နှင့် ၁၂၈ (င) (၁)]

ရက်စွဲ ____________

| | | |
|---|---|---|
| ရွေးကောက်တင်မြှောက်ပြီးသည့် လွှတ်တော်ကိုယ်စားလှယ်ဦးရေ | (    ) | ဦး |
| ကတိသစ္စာပြုပြီးသည့် လွှတ်တော်ကိုယ်စားလှယ်စုစုပေါင်းဦးရေ | (    ) | ဦး |
| အစည်းအဝေးသို့တက်ရောက်၍ ဆန္ဒမဲပေးသည့် လွှတ်တော်ကိုယ်စားလှယ်စုစုပေါင်းဦးရေ | (    ) | ဦး |
| အဆိုအတည်ဖြစ်ရန် အနည်းဆုံးရရှိရမည့် ထောက်ခံဆန္ဒမဲအရေအတွက် | (    ) | မဲ |
| ၁။ ထောက်ခံဆန္ဒမဲအရေအတွက် | (    ) | |
| ၂။ ကန့်ကွက်ဆန္ဒမဲအရေအတွက် | (    ) | |
| ၃။ ကြားနေဆန္ဒမဲအရေအတွက် | (    ) | |
| ၄။ ဆန္ဒမဲမပေးသူအရေအတွက် | (    ) | |
| စုစုပေါင်း | (    ) | |

မှန်ကန်ကြောင်း အတည်ပြုသည်။

| | |
|---|---|
| ကြီးကြပ်သူအရာရှိ | * ဥက္ကဋ္ဌ/ဒုတိယဥက္ကဋ္ဌ/သဘာပတိ |
| လက်မှတ် ---------------------- | လက်မှတ် ---------------------- |
| အမည် ---------------------- | အမည် ---------------------- |
| ရာထူး ---------------------- | |
| ဌာန ---------------------- | |

* မလိုအပ်သည်ကို ပယ်ဖျက်ရန်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်သူ့လွှတ်တော်**

**အမိန့်ကြော်ငြာစာအမှတ် ၄/၂၀၁၃**

နေပြည်တော်၊ ၁၃၇၄ ခုနှစ်၊ တပို့တွဲလဆန်း ၅ ရက်

( ၂၀၁၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၅ ရက် )

**ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်နေရာ လစ်လပ်ကြောင်း ကြေညာခြင်း**

ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၁၃၊ နည်းဥပဒေခွဲ (က) အရ အောက်ပါ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်နှစ်ဦးသည် လွှတ်တော်ကိုယ်စားလှယ်အဖြစ်မှ နုတ်ထွက်ပြီးဖြစ်၍ ယှဉ်တွဲပါ မဲဆန္ဒနယ်များတွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်နေရာများ လစ်လပ်ကြောင်း ကြေညာအပ်ပါသည် -

| စဉ် | အမည် | မဲဆန္ဒနယ် | တိုင်းဒေသကြီး/ပြည်နယ် |
|---|---|---|---|
| ၁။ | ဦးမန်းမောင်မောင်ညဏ် | ပန်းတနော် | ဧရာဝတီ |
| ၂။ | ဦးငွန်မောင်း | ဟားခါး | ချင်း |

(ပုံ) သူရရွှေမန်း
ဥက္ကဋ္ဌ
ပြည်သူ့လွှတ်တော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုတရားလွှတ်တော်ချုပ်**

**အမိန့်ကြော်ငြာစာအမှတ် (၁၁၇/၂၀၁၃)**

**စာချွန်တော်အမိန့် လျှောက်ထားမှုများဆိုင်ရာနည်းဥပဒေများ**

၁၃၇၄ ခုနှစ်၊ တပို့တွဲလဆန်း ၅ ရက်

( ၂၀၁၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၅ ရက် )

ပြည်ထောင်စုတရားစီရင်ရေးဥပဒေပုဒ်မ ၁၆ တွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ်အား စာချွန်တော်အမိန့်ထုတ်ဆင့်ပိုင်ခွင့်အာဏာ အပ်နှင်းထားရာ ပြည်ထောင်စုတရားလွှတ်တော်ချုပ်သို့ စာချွန်တော်အမိန့် ထုတ်ဆင့်ပေးရန် လျှောက်ထားမှုများအတွက် နည်းဥပဒေ သတ်မှတ်ပြဋ္ဌာန်းရန် လိုအပ်သဖြင့် ပြည်ထောင်စုတရားစီရင်ရေးဥပဒေပုဒ်မ ၇၃ တွင် အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကို ကျင့်သုံးလျက် ဤနည်းဥပဒေများကို ထုတ်ပြန်လိုက်သည်။

**အခန်း (၁)**

**အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက်**

၁။ ဤနည်းဥပဒေကို စာချွန်တော်အမိန့်လျှောက်ထားမှုများဆိုင်ရာနည်းဥပဒေများဟု ခေါ်တွင်စေရမည်။

၂။ ဤနည်းဥပဒေများတွင် ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ် သက်ရောက်စေရမည် -

(က) **"လျှောက်ထားလွှာ"** ဆိုသည်မှာ စာချွန်တော်အမိန့် ထုတ်ဆင့်ပေးရန် ပြည်ထောင်စုတရား လွှတ်တော်ချုပ်သို့ တင်သွင်းသည့် အထွေထွေလျှောက်ထားလွှာကို ဆိုသည်။

(ခ) **"လျှောက်ထားသူ"** ဆိုသည်မှာ စာချွန်တော်အမိန့်တစ်ရပ်ရပ် ထုတ်ဆင့်ပေးရန် လျှောက်ထားလွှာ တင်သွင်းလျှောက်ထားသူ သို့မဟုတ် လျှောက်ထားသူများကို ဆိုသည်။

(ဂ) **"လျှောက်ထားခံရသူ"** ဆိုသည်မှာ ရှေ့တော်သွင်းစာချွန်တော်အမိန့် ထုတ်ဆင့်ပေးရန် လျှောက်ထားမှုတွင် တစ်ဦးတစ်ယောက်အား မတရားချုပ်နှောင်ထားသူ၊ အခြားစာချွန်တော်အမိန့် ထုတ်ဆင့်ပေးရန် လျှောက်ထားမှုများတွင် စာချွန်တော်အမိန့်တောင်းခံရန်အကြောင်း ပေါ်ပေါက်စေသည့် အမိန့်၊ ပြုလုပ်ချက်၊ ဆောင်ရွက်ချက်နှင့်ပတ်သက်သူကို ဆိုသည်။

(ဃ) **"ပြည်ထောင်စုတရားလွှတ်တော်ချုပ်ခုံရုံး"** ဆိုသည်မှာ စာချွန်တော်အမိန့် ထုတ်ဆင့်ပေးရန် လျှောက်ထားမှုများကို အပြီးသတ်ကြားနာရန် ပြည်ထောင်စုတရားသူကြီးချုပ် သဘာပတိအဖြစ် ဆောင်ရွက်သည့် ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီးတစ်ဦး သို့မဟုတ် တစ်ဦးထက် ပို၍ ပါဝင်ဖွဲ့စည်းသောခုံရုံးကို ဆိုသည်။

(င) **"ရှေ့နေ"** ဆိုသည်မှာ အမှုလိုက်ပါ ဆောင်ရွက်ခွင့်ရှိသည့် တရားလွှတ်တော်ရှေ့နေကို ဆိုသည်။

## အခန်း (၂)
## ရှေ့တော်သွင်းစာချွန်တော်အမိန့်

၃။ ရှေ့တော်သွင်းစာချွန်တော်အမိန့် တောင်းခံသည့် လျှောက်ထားလွှာကို ချုပ်နှောင်ထားခြင်းခံရသူ တစ်ဦးက ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး၊ ညွှန်ကြားရေးမှူးချုပ်ထံသို့ တင်သွင်းလျှောက်ထားရမည်။

၄။ ယင်းလျှောက်ထားလွှာတွင် နည်းလမ်းတကျမှန်ကန်ကြောင်း ကိုယ်တိုင်ဝန်ခံချက် ပါရှိရမည့်အပြင် မိမိအား မတရားချုပ်နှောင်ထားသည့်အကြောင်းနှင့်စပ်လျဉ်း၍ ပြည့်စုံစွာဖော်ပြသည့် ကျမ်းကျိန်လွှာ ပူးတွဲပါရှိရမည်။ သို့ရာတွင် ချုပ်နှောင်ထားခြင်းခံရသူသည် ချုပ်နှောင်ထားခံရခြင်းကြောင့် ကိုယ်တိုင် ကျမ်းကျိန်လွှာ မပြုလုပ်နိုင်ပါက အခြားသူတစ်ဦးက ပြုလုပ်သော အလားတူကျမ်းကျိန်လွှာမျိုး ပူးတွဲပါရှိစေရမည်။ ထို့ပြင် လျှောက်ထားလွှာ၌ ချုပ်နှောင်ထားခြင်းခံရသူ ကိုယ်တိုင်ကျမ်းကျိန်လွှာမပြုလုပ်နိုင်သည့်အကြောင်း ဖော်ပြ ပါရှိစေရမည်။

၅။ ညွှန်ကြားရေးမှူးချုပ်သည် လျှောက်ထားလွှာနှင့်အတူ ပူးတွဲတင်ပြရမည့် စာရွက်စာတမ်းများနှင့် ကျမ်းကျိန်လွှာများ ပူးတွဲတင်ပြထားခြင်း ရှိ မရှိ စိစစ်ရမည်။ ပြည့်စုံမှုရှိလျှင် အထွေထွေလျှောက်ထားမှု ဖွင့်လှစ်ရမည်။ ယင်းအမှုတွင် လျှောက်ထားလွှာတင်သွင်းသူအား လျှောက်ထားသူအဖြစ်လည်းကောင်း၊ ချုပ်နှောင်ထားသူအား လျှောက်ထားခံရသူအဖြစ်လည်းကောင်း ဖော်ပြရမည်။

၆။ ညွှန်ကြားရေးမှူးချုပ်သည် လျှောက်ထားလွှာကို စိစစ်ရာ၌ အောက်ဖော်ပြပါ ကိစ္စရပ်များတွေ့ရှိပါက ပြည့်စုံစွာဆောင်ရွက်နိုင်ရန် မှတ်ချက်ပြု၍ လျှောက်ထားလွှာအား ပြန်လည်ပေးရမည် -

(က) လိုအပ်သည့် စာရွက်စာတမ်းများနှင့် ကျမ်းကျိန်လွှာများ ပူးတွဲတင်ပြထားခြင်းမရှိဘဲ လျှောက်ထားခြင်း၊

(ခ) စာချွန်တော်လျှောက်ထားရသည့် အကြောင်းပြချက်များနှင့် အကြောင်းအရာများကို ကျမ်းကျိန်လွှာ တွင် ပြည့်စုံစွာဖော်ပြမှုမရှိဘဲ လျှောက်ထားခြင်း။

၇။ ညွှန်ကြားရေးမှူးချုပ်သည် ပြည့်စုံစွာဖော်ပြထားသော စာချွန်တော်အမိန့်တောင်းခံသည့် လျှောက်ထား လွှာကို ချက်ချင်း သို့မဟုတ် ကနဦးဆောင်ရွက်ရန်အတွက် ရုံးခန်းတွင်း တာဝန်ကျ ပြည်ထောင်စုတရား လွှတ်တော်ချုပ်တရားသူကြီးထံ တင်ပြရမည်။

၈။ ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီးသည် ရှေ့တော်သွင်းစာချွန်တော်အမိန့်ကို ချက်ချင်းထုတ်ပေးသင့်ကြောင်း တွေ့ရှိရပါက ရှေ့တော်သွင်းစာချွန်တော်အမိန့်ကို ချက်ချင်းထုတ်ပေးနိုင်သည်။

၉။ စာချွန်တော်အမိန့်ကို ချက်ချင်းထုတ်မပေးပါက ရှေ့တော်သွင်းစာချွန်တော်အမိန့်ကို မည်သည့်အတွက် ထုတ်မပေးသင့်ကြောင်း အကြောင်းပြစေရန် လျှောက်ထားခံရသူထံ ဆင့်စာချအပ်စေဟုလည်းကောင်း၊ ယင်းဆင့်စာ ချအပ်ပေးစေရန် လျှောက်ထားကြောင်း လျှောက်ထားခံရသူထံ အကြောင်းကြားစာပေးပြီး ရုံးတော်သို့ ပြန်လည်တင်ပြစေဟုလည်းကောင်း ဆင့်ဆိုနိုင်သည်။

၁၀။ ဆင့်စာ သို့မဟုတ် အကြောင်းကြားစာကို လျှောက်ထားခံရသူထံဖြစ်စေ၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီးက ချအပ်ရန်ညွှန်ကြားသည့် အခြားသူများထံဖြစ်စေ ချအပ်ရမည်။ ထို့ပြင် နိုင်ငံတော်အတွက် လိုက်ပါဆောင်ရွက်ရန် ပြည်ထောင်စုရှေ့နေချုပ်ထံ ဆင့်စာ သို့မဟုတ် အကြောင်းကြားစာကို ပေးပို့ရမည်။ ဆင့်စာ သို့မဟုတ် အကြောင်းကြားစာတွင် လျှောက်ထားချက် ကြားနာမည့်ရက်ကို ဖော်ပြပါရှိရမည်။

၁၁။ အမှုသည်တို့သည် လျှောက်လဲတင်ပြရာတွင် ရည်ညွှန်းအသုံးပြုရန် လိုအပ်သည်ဟု ထင်မြင်သည့် ကျမ်းကိုးန်လွှာများကို မိတ္တူထုတ်ပေးရန် လျှောက်ထားတောင်းခံနိုင်သည်။ ယင်းသို့ လျှောက်ထားတောင်းခံသည့်အခါ ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ မိတ္တူရေးကူးခြင်းဆိုင်ရာနည်းဥပဒေအရ သတ်မှတ်သည့် အခကြေးငွေကို ပေးသွင်းပါက အခွင့်ရအရာရှိသည် လျှောက်ထားတောင်းခံသည့် ကျမ်းကိုးန်လွှာမိတ္တူကို လျှောက်ထားသောသူသို့ ထုတ်ပေးရမည်။

၁၂။ ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီးသည် ဆင့်စာ သို့မဟုတ် အကြောင်းကြားစာ၌ လျှောက်ထားမှုကို ကြားနာရန် သတ်မှတ်ထားသောရက်တွင် လျှောက်ထားသူကိုယ်တိုင် သို့မဟုတ် ၎င်း၏ ရှေ့နေ၊ လျှောက်ထားခံရသူ သို့မဟုတ် ၎င်း၏ရှေ့နေတို့၏ လျှောက်လဲချက်အား ကြားနာပြီးနောက် ချုပ်နှောင်ထားခြင်းခံရသူအား လွှတ်စေဟု ဆင့်ဆိုခွင့်ရှိသည်။ ယင်းဆင့်ဆိုချက်သည် ချုပ်နှောင်ထားခြင်းခံရသူအား လွှတ်ရန် လုံလောက်သည့်အခွင့်အာဏာဖြစ်သည်။

၁၃။ စာချွန်တော်ကို ဖြစ်နိုင်သမျှ ဆင့်ဆိုခံရသူကိုယ်တိုင်အပေါ် ချအပ်အတည်ပြုရမည်။ ဆင့်ဆိုခံရသူကိုယ်တိုင်အပေါ် ချအပ်အတည်ပြုရန်မဖြစ်နိုင်လျှင် ၎င်းနှင့်အတူနေ မိသားစုဝင်တစ်ဦးဦး သို့မဟုတ် ၎င်း၏ ကိုယ်စားလှယ်ထံ ချအပ်ခြင်းဖြင့်လည်းကောင်း၊ ဆင့်ဆိုခံရသူမှာ ထောင်တာဝန်ခံအရာရှိ သို့မဟုတ် အခြားပြည်သူ့ဝန်ထမ်းဖြစ်လျှင် ချုပ်နှောင်ထားခြင်းခံရသူကို ချုပ်နှောင်ထားရာအရပ်၌ ဆင့်ဆိုခံရသူ၏လက်အောက်ခံဝန်ထမ်း သို့မဟုတ် ၎င်း၏ကိုယ်စားလှယ်ထံ ချအပ်ခြင်းဖြင့်လည်းကောင်း အတည်ပြုရမည်။ တစ်ဦးထက်ပိုသူများအပေါ်တွင် ချအပ်ရန် စာချွန်တော်ဖြစ်ပါက မူရင်းကို အကြီးအမှူးဖြစ်သူသို့လည်းကောင်း၊ မိတ္တူများကို အခြားသူအသီးသီးသို့လည်းကောင်း စာချွန်တော်ကို ချအပ်သည့် အထက်ဖော်ပြပါနည်းလမ်းအတိုင်း ချအပ်အတည်ပြုရမည်။

၁၄။ ချုပ်နှောင်ထားခြင်းခံရသူအား ရုံးရှေ့သို့ တင်ပို့ရမည့်နေ့ရက်ကို ဖော်ပြပြီး မလိုက်နာမဆောင်ရွက်ဘဲ ပျက်ကွက်ခဲ့လျှင် မလိုက်နာသူအပေါ် ဖမ်းဆီးရန် အမှုဖွင့်မည်ဖြစ်ကြောင်း အကြောင်းကြားစာကို စာချွန်တော်နှင့်အတူ ချအပ် သို့မဟုတ် ပေးအပ်ခဲ့ရမည်။

၁၅။ စာချွန်တော်ချအပ်ခြင်းခံရသူသည် စာချွန်တော်အပေါ် ပြန်ကြားအစီရင်ခံစာ တင်သွင်းရမည်။ စာချွန်တော်အပေါ် ပြန်ကြားအစီရင်ခံစာ၌ ချုပ်နှောင်ထားခြင်းခံရသူကို ချုပ်နှောင်ထားသည့် အကြောင်းများကို စာချွန်တော်ပေါ်တွင် ထပ်ဆင့်ရေးသား၍ဖြစ်စေ၊ ပူးတွဲ၍ဖြစ်စေ ဖော်ပြပါရှိရမည်။ ပြန်ကြားအစီရင်ခံစာကို ရုံးတော်၏ခွင့်ပြုချက်ဖြင့် ပြင်ဆင်နိုင်သည် သို့မဟုတ် အခြားပြန်ကြားအစီရင်ခံစာတစ်ခုဖြင့် အစားထိုးတင်သွင်းနိုင်သည်။

၁၆။ စာချွန်တော်အပေါ် ပြန်ကြားအစီရင်ခံစာတင်သွင်းသောအခါ ပြန်ကြားအစီရင်ခံစာကို ဦးစွာဖတ်ကြားရမည်။ ၎င်းနောက် ချုပ်နှောင်ထားခြင်းခံရသူကို လွှတ်ရန်ဖြစ်စေ၊ ရမန်ပေးရန်ဖြစ်စေ၊ ပြန်ကြားအစီရင်ခံစာကို ပြင်ဆင်ရန်ဖြစ်စေ၊ ပယ်ဖျက်ရန်ဖြစ်စေ လျှောက်ထားနိုင်သည်။

၁၇။ လျှောက်ထားမှုကို အပြီးသတ်ကြားနာမည့် ပြည်ထောင်စုတရားလွှတ်တော်ချုပ်ခုံရုံး ဖွဲ့စည်းတာဝန်ပေးအပ်နိုင်ရန် ပြည်ထောင်စုတရားသူကြီးချုပ်ထံ တင်ပြရမည်။

၁၈။ ပြည်ထောင်စုတရားသူကြီးချုပ်သည် ကိုယ်တိုင်သဘာပတိအဖြစ် ဆောင်ရွက်သည့် ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီးတစ်ဦး သို့မဟုတ် တစ်ဦးထက်ပို၍ ပါဝင်သော ပြည်ထောင်စုတရားလွှတ်တော်ချုပ်ခုံရုံး ဖွဲ့စည်းပြီး လျှောက်ထားမှုကို အပြီးသတ်ကြားနာရမည်။

၁၉။ ချုပ်နှောင်ထားခြင်းခံရသူကို စာချွန်တော်အတိုင်း ပြည်ထောင်စုတရားလွှတ်တော်ချုပ်ခုံရုံးရှေ့ တင်ပို့လာသည့်အခါ ချုပ်နှောင်ထားခြင်းခံရသူ သို့မဟုတ် ၎င်း၏ရှေ့နေတို့၏ လျှောက်လဲချက်ကို ဦးစွာကြားနာပြီး နိုင်ငံတော်အတွက် လိုက်ပါဆောင်ရွက်မည့် ပြည်ထောင်စုရှေ့နေချုပ် သို့မဟုတ် ၎င်းက တာဝန်ပေးသည့် ညွှန်ကြားရေးမှူးထက် အဆင့်မနိမ့်သူ၏ ချေပလျှောက်လဲချက်ကို ကြားနာရမည်။ ထို့နောက် ချုပ်နှောင်ထားခြင်းခံရသူ သို့မဟုတ် ၎င်း၏ရှေ့နေမှ ပြန်လည်ရှင်းလင်းတင်ပြရန်ရှိပါက ၎င်း၏ပြန်လည်လျှောက်လဲတင်ပြချက်ကို ကြားနာရမည်။

၂၀။ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ခုံရုံးသည် အပြီးသတ်လျှောက်လဲချက် ကြားနာပြီးနောက် ယင်းနေ့၌လည်းကောင်း၊ ရွှေ့ဆိုင်းချိန်းဆိုသည့်နေ့၌လည်းကောင်း စာချွန်တော်လျှောက်ထားမှုနှင့်စပ်လျဉ်း၍ အမိန့်တစ်ရပ် ချမှတ်ရမည်။

## အခန်း (၃)
## အာဏာပိုင်မေးစာချွန်တော်အမိန့်နှင့် အာဏာပေးစာချွန်တော်အမိန့်

၂၁။ အာဏာပိုင်မေးစာချွန်တော်အမိန့် သို့မဟုတ် အာဏာပေးစာချွန်တော်အမိန့်သဘောမျိုး ပါဝင်သော အမိန့်တောင်းခံသည့် လျှောက်ထားလွှာကို ထောက်ခံသည့် ကျမ်းကျိန်လွှာတစ်ရပ်ဖြင့်ဖြစ်စေ၊ အများဖြင့်ဖြစ်စေ ပူးတွဲ၍ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး၊ ညွှန်ကြားရေးမှူးချုပ်ထံသို့ တင်သွင်းလျှောက်ထားရမည်။

၂၂။ လျှောက်ထားလွှာတွင် စာချွန်တော်အမိန့်တောင်းခံရသည့် အကြောင်းပြချက်များနှင့် အရေးကြီးသည့် အကြောင်းအရာများ ဖော်ပြပါရှိရမည်။ ယင်းအကြောင်းပြချက်များနှင့် အကြောင်းအရာများကို လျှောက်ထားလွှာနှင့် ပူးတွဲတင်သွင်းသည့် ကျမ်းကျိန်လွှာတစ်ရပ် သို့မဟုတ် အများဖြင့် မှန်ကြောင်း ဝန်ခံချက်ပြုရမည်။

၂၃။ လျှောက်ထားလွှာတွင် နှစ်ဖက်အမှုသည်တို့ ပြိုင်ဆိုင်သည့်အမှု၌ ခေါင်းစဉ်တပ်သကဲ့သို့ ခေါင်းစဉ်တပ်ရမည်။

၂၄။ ညွှန်ကြားရေးမှူးချုပ်သည် လျှောက်ထားလွှာနှင့်အတူ ပူးတွဲတင်ပြရမည့် စာရွက်စာတမ်းများနှင့် ကျမ်းကျိန်လွှာများ ပူးတွဲတင်ပြထားခြင်း ရှိ မရှိ စိစစ်ရမည်။ ပြည့်စုံမှုရှိလျှင် အထွေထွေလျှောက်ထားမှု ဖွင့်လှစ်ရမည်။

၂၅။ ညွှန်ကြားရေးမှူးချုပ်သည် လျှောက်ထားလွှာများကို စိစစ်ရာ၌ အောက်ဖော်ပြပါ ကိစ္စရပ်များ တွေ့ရှိပါက ပြည့်စုံစွာဆောင်ရွက်နိုင်ရန် မှတ်ချက်ပြု၍ လျှောက်ထားလွှာအား ပြန်လည်ပေးရမည် -

(က) လိုအပ်သည့် စာရွက်စာတမ်းများနှင့် ကျမ်းကျိန်လွှာများ ပူးတွဲတင်ပြထားခြင်းမရှိဘဲ လျှောက်ထားခြင်း၊

(ခ) စာချွန်တော်လျှောက်ထားရသည့် အကြောင်းပြချက်များနှင့် အကြောင်းအရာများကို ကျမ်းကျိန်လွှာတွင် ပြည့်စုံစွာဖော်ပြမှုမရှိဘဲ လျှောက်ထားခြင်း။

၂၆။ ညွှန်ကြားရေးမှူးချုပ်သည် ပြည့်စုံစွာဖော်ပြထားသော စာချွန်တော်အမိန့် တောင်းခံသည့် အထွေထွေလျှောက်ထားလွှာကို ကနဦးဆောင်ရွက်ရန်အတွက် ရုံးခန်းတွင်းတာဝန်ကျ ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီးထံ တင်ပြရမည်။

၂၇။ ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီးသည် မိမိသဘောအရဖြစ်စေ၊ လျှောက်ထားသူအား ကြားနာ၍ဖြစ်စေ လျှောက်ထားခံရသူထံ အကြောင်းပြစေရန် ကနဦးဆုံးဖြတ်ချက် ချပေးနိုင်သည် သို့မဟုတ် ငြင်းပယ်နိုင်သည်။

၂၈။ ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီးသည် လျှောက်ထားလွှာအပေါ် အကြောင်းပြစေရန် ကနဦးဆုံးဖြတ်ချက် ချမှတ်ပေးခဲ့လျှင် သို့မဟုတ် နို့တစ်စာထုတ်ဆင့်စေရန် ဆင့်ဆိုလျှင် (၁၅) ရက်ထက်မနည်း ကွာခြားသော (နောင်တွင် ပြန်ကြားအစီရင်ခံစာတင်သွင်းရမည့်နေ့ဟု ခေါ်တွင်စေရမည်) နေ့တစ်နေ့ကို ချိန်းဆိုသတ်မှတ်ရမည်။

၂၉။ အကြောင်းပြစေရန် ကနဦးဆုံးဖြတ်ချက်ရှိလျှင် ယင်းဆုံးဖြတ်ချက်မိတ္တူမှန်တစ်စောင်၊ လျှောက်ထားလွှာနှင့် ယင်းလျှောက်ထားလွှာကို ထောက်ခံသော ကျမ်းကျိန်လွှာမိတ္တူတို့ကို တစ်ဖက်လျှောက်ထားခံရသူအပေါ်တွင် ချအပ်စေရန် လျှောက်ထားသူအား ဆင့်ဆိုရမည်။

၃၀။ ဤကဲ့သို့ ချအပ်ရာတွင် အချိန်မီမချအပ်နိုင်ခဲ့လျှင် လုံလောက်သောအကြောင်းပြသပြီး လျှောက်ထားပါက ပြန်ကြားအစီရင်ခံစာ တင်သွင်းရမည့်နေ့ကို ရွှေ့ဆိုင်းပေးနိုင်သည်။

၃၁။ နိုင်ငံတော်အတွက် လိုက်ပါဆောင်ရွက်ရန် ပြည်ထောင်စုရှေ့နေချုပ်ထံ ဆင့်စာ သို့မဟုတ် အကြောင်းကြားစာကို ပေးပို့ရမည်။

၃၂။ ယင်းကနဦးဆုံးဖြတ်ချက်များနှင့် မိတ္တူမှန်များကို လျှောက်ထားသူက မိမိစရိတ်ဖြင့် လျှောက်ထားခံရသူအပေါ် ချအပ်ရမည်။ ၎င်းအပြင် ချအပ်ရန် ဆင့်ဆိုသည့် မိတ္တူများကို လျှောက်ထားသူက တင်ပြရမည် သို့မဟုတ် စရိတ်ကျခံ၍ တင်သွင်းရမည်။

၃၃။ လျှောက်ထားသူသည် လိုအပ်သော အမိန့်ဆင့်စာခများကို ပေးဆောင်ရမည့်ပြင်၊ သတ်မှတ်ပိုင်းခြားသည့် အချိန်အတွင်းတွင် လိုအပ်သော စာမှတ်စာတမ်းလက်ခံများကို တင်သွင်းရမည်။

၃၄။ ပြန်ကြားအစီရင်ခံစာတင်သွင်းရမည့်နေ့ သို့မဟုတ် ယင်းနေ့မတိုင်မီ လျှောက်ထားခံရသူသည် ပြန်လှန်ကျမ်းကျိန်လွှာတစ်ရပ် သို့မဟုတ် အများကို တင်သွင်းနိုင်သည်။ လျှောက်ထားခံရသူသည် ဝန်ထမ်းအဖွဲ့အစည်း အကြီးအမှူး သို့မဟုတ် ၎င်း၏အထက်တာဝန်ရှိသူတစ်ဦးဦးဖြစ်ပါက ၎င်းကိုယ်တိုင်ဖြစ်စေ၊ ၎င်းကတာဝန်ပေးသည့် တာဝန်ရှိသူတစ်ဦးဦးကဖြစ်စေ ပြန်လှန်ကျမ်းကျိန်လွှာတစ်ရပ် သို့မဟုတ် အများကို တင်သွင်းနိုင်သည်။

၃၅။ ပြန်လှန်ကျမ်းကျိန်လွှာမိတ္တူကို ပြန်ကြားအစီရင်ခံမည့်နေ့မတိုင်မီ လျှောက်ထားသူထံဖြစ်စေ၊ ၎င်း၏တရားလွှတ်တော်ရှေ့နေထံဖြစ်စေ ပေးအပ်ပြီးဖြစ်ရမည်။

၃၆။ လျှောက်ထားခံရသူက ပြန်လှန်ကျမ်းကျိန်လွှာ တင်သွင်းလျှင် လျှောက်ထားသူသည် ပြန်ကြားအစီရင်ခံရသည့်နေ့တွင်ဖြစ်စေ၊ ယင်းနေ့မတိုင်မီဖြစ်စေ ချေပရန်အတွက် ကျမ်းကျိန်လွှာတစ်ရပ် သို့မဟုတ် အများကို တင်သွင်းခွင့်ရှိသည်။ ယင်းသို့ တင်သွင်းသည့် ကျမ်းကျိန်လွှာမိတ္တူကို လျှောက်ထားခံရသူသို့ဖြစ်စေ၊ ၎င်း၏တရားလွှတ်တော်ရှေ့နေသို့ဖြစ်စေ ပေးအပ်ခွင့်ရှိသည်။

၃၇။ လုံလောက်သောအကြောင်းပြ၍ လျှောက်ထားပါက ချေပကျမ်းကျိန်လွှာများ တင်သွင်းရန် အချိန်ကာလကို ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီးက တိုးမြှင့်ပေးနိုင်သည်။

၃၈။ လျှောက်ထားခံရသူထံ ချအပ်ရမည့် ကနဦးဆုံးဖြတ်ချက်မိတ္တူမှန်နှင့် အခြားစာမှတ်စာတမ်းများ၏ မိတ္တူများကို ပြန်ကြားအစီရင်ခံစာ တင်သွင်းရမည့်နေ့မတိုင်မီ ခြောက်ရက်ထက်မနည်းသောရက်အတွင်း လျှောက်ထားခံရသူအပေါ် ချအပ်ပြီးဖြစ်ကြောင်း ကျမ်းကျိန်လွှာဖြင့် သက်သေထင်ရှားမပြနိုင်ပါက အာဏာပိုင်မေး စာချွန်တော်အမိန့် သို့မဟုတ် အာဏာပေးစာချွန်တော်အမိန့်ကို ထုတ်ပေးခြင်းမပြုရ။

၃၉။ လျှောက်ထားမှုကို အပြီးသတ်ကြားနာမည့် ပြည်ထောင်စုတရားလွှတ်တော်ချုပ်ခုံရုံး ဖွဲ့စည်းတာဝန်ပေးအပ်နိုင်ရန် ပြည်ထောင်စုတရားသူကြီးချုပ်ထံ တင်ပြရမည်။

၄၀။ ပြည်ထောင်စုတရားသူကြီးချုပ်သည် ၎င်းကိုယ်တိုင် သဘာပတိအဖြစ် ဆောင်ရွက်သည့် ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီး တစ်ဦး သို့မဟုတ် တစ်ဦးထက်ပို၍ပါဝင်သော ပြည်ထောင်စုတရားလွှတ်တော်ချုပ်ခုံရုံး ဖွဲ့စည်းပြီး လျှောက်ထားမှုကို အပြီးသတ်ကြားနာရမည်။

၄၁။ (က) ပြန်ကြားအစီရင်ခံရမည့်နေ့ သို့မဟုတ် ကြားနာရန် ရွှေ့ဆိုင်းသည့် အခြားနေ့ရက်တွင် လျှောက်ထားချက်အပေါ် လျှောက်ထားခံရသူက အကြောင်းပြရန် လာရောက်ခဲ့လျှင် ပြည်ထောင်စုတရားလွှတ်တော်ချုပ်ခုံရုံးသည် ၎င်း၏လျှောက်လဲချက်ကို ဦးစွာကြားနာရမည်။ ၎င်းနောက် လျှောက်ထားသူ၏လျှောက်လဲချက်ကို ကြားနာရမည်။ တစ်ဖန် လျှောက်ထားခံရသူ၏ ပြန်လည်တင်ပြချက် (ရှိလျှင်) ကြားနာရမည်။ ထို့နောက် ပြည်ထောင်စုတရားလွှတ်တော်ချုပ်ခုံရုံးက ကနဦးဆုံးဖြတ်ချက်ကို အပြီးသတ်ဆုံးဖြတ်ချက်အဖြစ် အတည်ပြုနိုင်သည် သို့မဟုတ် ကနဦးဆုံးဖြတ်ချက်ကို ပယ်ဖျက်နိုင်သည်။

(ခ) လျှောက်ထားခံရသူက အကြောင်းတစ်စုံတစ်ရာမပြဆိုခဲ့လျှင် ကနဦးဆုံးဖြတ်ချက်မိတ္တူနှင့် ယင်းဆုံးဖြတ်ချက်အရ ချအပ်ဆင့်ဆိုသည့် စာမှတ်စာတမ်းမိတ္တူများကို ၎င်းအပေါ်၌ နည်းလမ်းတကျချအပ်ခဲ့ပြီးဖြစ်သည်ဟု ပြည်ထောင်စုတရားလွှတ်တော်ချုပ်ခုံရုံးက ကျေနပ်လျှင် အပြီးသတ်ဆုံးဖြတ်ချက်ချနိုင်သည်။

၄၂။ (က) လျှောက်ထားမှုကို ကြားနာမည့် ပြည်ထောင်စုတရားလွှတ်တော်ချုပ်ခုံရုံးသည် ကျမ်းကျိန်ထွက်ဆိုသူ မည်သူကိုမဆို ၎င်း၏ကျမ်းကျိန်ထွက်ဆိုချက်ပါ မည်သည့်အကြောင်းအရာပေါ်တွင်မဆို ကျမ်းကျိန်၍ ပြန်လည်အစစ်ခံရန် ဆင့်ခေါ်ခွင့်ရှိသည်။

(ခ) ယင်းအစစ်ခံချက်ကို ပြည်ထောင်စုတရားလွှတ်တော်ချုပ်ခုံရုံးက တာဝန်ပေးသည့် တရားရုံးတော် အရာရှိက အမေးအဖြေပုံစံဖြင့် ရေးမှတ်ယူရမည်။

(ဂ) ယင်းအစစ်ခံချက်ရယူသည့် တရားရုံးတော်အရာရှိသည် အစစ်ခံထွက်ဆိုချက်တွင် လက်မှတ်ရေးထိုးရမည်။ ယင်းအစစ်ခံထွက်ဆိုချက်ကို ကျမ်းကျိန်ချက်အဖြစ် မှတ်ယူရမည်ဖြစ်ပြီး အမှုတွဲတွင် တွဲထားရမည်။

၄၃။ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ခုံရုံးသည် အပြီးသတ်လျှောက်လဲချက် ကြားနာပြီးနောက် ယင်းနေ့၌လည်းကောင်း၊ ရွှေ့ဆိုင်းချိန်းဆိုသည့်နေ့၌လည်းကောင်း လျှောက်ထားမှုနှင့်စပ်လျဉ်း၍ အမိန့်တစ်ရပ် ချမှတ်ရမည်။

၄၄။ ပြည်ထောင်စုရှေ့နေချုပ်အား နို့တစ်စာမပေးဘဲ၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်တွင်လည်း ကြားနာခြင်းမပြုဘဲ မည်သူကိုမျှ အာမခံနှင့်လွှတ်ရန် အမိန့်ချမှတ်ခြင်းမပြုရ။

## အခန်း (၄)

## အမှုခေါ်စာချွန်တော်အမိန့်နှင့် တားမြစ်စေစာချွန်တော်အမိန့်

၄၅။ အမှုခေါ်စာချွန်တော်အမိန့်နှင့် တားမြစ်စေစာချွန်တော်အမိန့်သဘော ပါဝင်သော အမိန့်များ တောင်းခံသည့် လျှောက်ထားလွှာကို ထောက်ခံသည့် ကျမ်းကျိန်လွှာတစ်ရပ်ဖြင့်ဖြစ်စေ၊ ကျမ်းကျိန်လွှာ အများဖြင့်ဖြစ်စေ ပူးတွဲ၍ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး၊ ညွှန်ကြားရေးမှူးချုပ်ထံသို့ တင်သွင်း လျှောက်ထားရမည်။

၄၆။ လျှောက်ထားလွှာတွင် ရုံးတော်သို့ တင်ပို့စေရန် လျှောက်ထားသော သီးခြားအမိန့်စာ သို့မဟုတ် အမှုတွဲ သို့မဟုတ် မှုခင်းကိုသော်လည်းကောင်း၊ တားမြစ်စေလျှောက်ထားသော သီးခြားပြုမူချက် သို့မဟုတ် ဆောင်ရွက်ချက်သော်လည်းကောင်း ဖော်ပြပါရှိရမည်။ ထို့ပြင် အချင်းဖြစ်ပေါ်သည့်ကိစ္စနှင့်စပ်လျဉ်းသော အမိန့်စာ သို့မဟုတ် အမှုတွဲ သို့မဟုတ် မှုခင်း သို့မဟုတ် မှုခင်းအစိတ်အပိုင်း၏ မိတ္တူတစ်စောင် ပူးတွဲပါရှိ ရမည့်အပြင် လျှောက်ထားလွှာတင်သွင်းသော အကြောင်းပြချက်များနှင့် အရေးကြီးသောအကြောင်းအရာများ ဖော်ပြပါရှိရမည်။ ယင်းအကြောင်းပြချက်များနှင့် အကြောင်းအရာများကို လျှောက်ထားလွှာနှင့် ပူးတွဲ တင်သွင်းသော ကျမ်းကျိန်လွှာ သို့မဟုတ် ကျမ်းကျိန်လွှာများတွင် မှန်ကန်ကြောင်း ဝန်ခံချက်ပြုစေရမည်။

၄၇။ လျှောက်ထားလွှာတွင် နှစ်ဖက်အမှုသည်သို့ ပြိုင်ဆိုင်သည့်အမှု၌ ခေါင်းစဉ်တပ်သကဲ့သို့ ခေါင်းစဉ် တပ်ရမည်။

၄၈။ ညွှန်ကြားရေးမှူးချုပ်သည် လျှောက်ထားလွှာကို လက်ခံရရှိသည့်အခါ အမှုခေါ် စာချွန်တော်အမိန့်နှင့် တားမြစ်စေစာချွန်တော်အမိန့် လျှောက်ထားလွှာနှင့်အတူ စာချွန်တော်ဖြင့် ပယ်ဖျက်ပေးစေလိုသော သို့မဟုတ် တားမြစ်စေလိုသောအမိန့် သို့မဟုတ် အမှုတွဲမှတ်တမ်း သို့မဟုတ် အမှုဆောင်ရွက်ချက်များ၏ မိတ္တူမှန်များနှင့် လိုအပ်သည့် ကျမ်းကျိန်လွှာများ ပူးတွဲတင်ပြထားခြင်း ရှိ မရှိ စိစစ်ရမည်။ ပြည့်စုံမှုရှိလျှင် အထွေထွေ လျှောက်ထားမှု ဖွင့်လှစ်ရမည်။

၄၉။ ညွှန်ကြားရေးမှူးချုပ်သည် လျှောက်ထားလွှာများကို စိစစ်ရာ၌ အောက်ဖော်ပြပါ ကိစ္စရပ်များ တွေ့ရှိ ပါက ပြည့်စုံစွာဆောင်ရွက်နိုင်ရန် မှတ်ချက်ပြု၍ လျှောက်ထားလွှာအား ပြန်လည်ပေးရမည် -

(က) လိုအပ်သည့် စာရွက်စာတမ်းများနှင့် ကျမ်းကျိန်လွှာများ ပူးတွဲတင်ပြထားခြင်းမရှိဘဲ လျှောက်ထားခြင်း၊

( ခ ) စာချွန်တော်လျှောက်ထားရသည့် အကြောင်းပြချက်များနှင့် အကြောင်းအရာများကို ကျမ်းကျိန်လွှာ တွင် ပြည့်စုံစွာဖော်ပြမှုမရှိဘဲ လျှောက်ထားခြင်း။

၅၀။ ညွှန်ကြားရေးမှူးချုပ်သည် ပြည့်စုံစွာဖော်ပြထားသော စာချွန်တော်အမိန့်တောင်းခံသည့် အထွေထွေ လျှောက်ထားလွှာကို ကနဦးဆောင်ရွက်ရန်အတွက် ရုံးခန်းတွင်း တာဝန်ကျ ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးထံ တင်ပြရမည်။

၅၁။ ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီးသည် မိမိသဘောအရဖြစ်စေ၊ လျှောက်ထားသူအား ကြားနာ၍ဖြစ်စေ လျှောက်ထားခံရသူထံ အကြောင်းပြစေရန် ကနဦးဆုံးဖြတ်ချက်ချပေးနိုင်သည် သို့မဟုတ် ငြင်းပယ်နိုင်သည်။

၅၂။ ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီးက အကြောင်းပြစေရန် ကနဦးဆုံးဖြတ်ချက်ချပေး ခဲ့လျှင် တင်ပို့စေရန် လျှောက်ထားသောအမိန့် သို့မဟုတ် အမှုတွဲ သို့မဟုတ် မှုခင်းကိုသော်လည်းကောင်း၊ တားမြစ်စေရန် လျှောက်ထားသည့်ပြုမူချက် သို့မဟုတ် ဆောင်ရွက်ချက်ကိုသော်လည်းကောင်း ထောက်ခံသည့် ပါဝင်ပတ်သက်သူ (နောင်တွင် လျှောက်ထားခံရသူများဟု ခေါ်တွင်စေမည့်သူ) အားလုံးတို့အား ကြားနာရန် (၁၅) ရက်ထက် မနည်းကွာခြားသော (နောင်တွင် ပြန်ကြားအစီရင်ခံစာတင်သွင်းရမည့်နေ့ဟု ခေါ်တွင်စေ ရမည်) နေ့တစ်နေ့ကို ချိန်းဆိုသတ်မှတ်ရမည်။

၅၃။ ထို့နောက် အကြောင်းပြစေရန် ကနဦးဆုံးဖြတ်ချက်မိတ္တူမှန်နှင့်အတူ လျှောက်ထားလွှာနှင့် လျှောက်ထားလွှာကို ထောက်ခံသော ကျမ်းကျိန်လွှာမိတ္တူများ၊ အချင်းဖြစ်ပေါ်သည့် သို့မဟုတ် စာချွန်တော် အမိန့် တောင်းခံရန်အကြောင်း ပေါ်ပေါက်သည့် အမိန့်မိတ္တူအမှုတွဲ သို့မဟုတ် မှုခင်းမှတ်တမ်းမိတ္တူတို့ကို သင့်လျော်သည်ထင်မြင်သည့်အတိုင်း လျှောက်ထားခံရသူအပေါ် ချက်ချင်းချအပ်စေဟု လျှောက်ထားသူအား ဆင့်ဆိုရမည်။

၅၄။ ဤကဲ့သို့ ချအပ်ရာတွင် အချိန်မီမချအပ်နိုင်ခဲ့လျှင် လုံလောက်သောအကြောင်းပြသပြီး လျှောက်ထားပါက ပြန်ကြားအစီရင်ခံစာတင်သွင်းရမည့်နေ့ကို ရွှေ့ဆိုင်းပေးနိုင်သည်။

၅၅။ နိုင်ငံတော်အတွက် လိုက်ပါဆောင်ရွက်ရန် ပြည်ထောင်စုရှေ့နေချုပ်ထံ ဆင့်စာ သို့မဟုတ် အကြောင်းကြားစာကို ပေးပို့ရမည်။

၅၆။ ယင်းကနဦးဆုံးဖြတ်ချက်များနှင့် မိတ္တူမှန်များကို လျှောက်ထားသူက မိမိစရိတ်ဖြင့် လျှောက်ထားခံရသူအပေါ် ချအပ်ရမည်။ ၎င်းအပြင် ချအပ်ရန် ဆင့်ဆိုသည့်မိတ္တူများကို လျှောက်ထားသူက တင်ပြရမည် သို့မဟုတ် စရိတ်ကျခံ၍ တင်သွင်းရမည်။

၅၇။ ကနဦးဆုံးဖြတ်ချက်ကို ချမှတ်ပေးသည့် ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီးသည် လျှောက်ထားသူက အမိန့်ဆင့်စာခများ ပေးဆောင်ရမည့်နေ့ရက်နှင့် ဆင့်ဆိုရန်မိတ္တူများ ပေးအပ်ရန်နေ့ရက်ကို သတ်မှတ်ပေးနိုင်သည်။

၅၈။ လျှောက်ထားခံရသူထံ ချအပ်ရမည့် ကနဦးဆုံးဖြတ်ချက်မိတ္တူမှန်နှင့် အခြားစာမှတ်စာတမ်းများ၏ မိတ္တူများကို ပြန်ကြားအစီရင်ခံစာတင်သွင်းရမည့်နေ့မတိုင်မီ ခြောက်ရက်ထက်မနည်းသောရက်အတွင်း လျှောက်ထားခံရသူအပေါ် ချအပ်ပြီးဖြစ်ကြောင်း ကျမ်းကျိန်လွှာဖြင့် သက်သေထင်ရှားမပြနိုင်ပါက အမှုခေါ် စာချွန်တော်အမိန့် သို့မဟုတ် တားမြစ်စေစာချွန်တော်အမိန့်ကို ထုတ်ပေးခြင်းမပြုရ။

၅၉။ ပြန်ကြားအစီရင်ခံစာတင်သွင်းရမည့်နေ့ သို့မဟုတ် ယင်းနေ့မတိုင်မီ လျှောက်ထားခံရသူသည် ပြန်လှန်ကျမ်းကျိန်လွှာတစ်ရပ် သို့မဟုတ် အများကို တင်သွင်းနိုင်သည်။ လျှောက်ထားခံရသူသည် ဝန်ထမ်း အဖွဲ့အစည်းအကြီးအမှူး သို့မဟုတ် ၎င်း၏အထက်တာဝန်ရှိသူတစ်ဦးဦးဖြစ်ပါက ၎င်းကိုယ်တိုင်ဖြစ်စေ၊ ၎င်းကတာဝန်ပေးသည့် တာဝန်ရှိသူတစ်ဦးဦးကဖြစ်စေ ပြန်လှန်ကျမ်းကျိန်လွှာတစ်ရပ် သို့မဟုတ် အများကို တင်သွင်းနိုင်သည်။

၆၀။ ပြန်လှန်ကျမ်းကျိန်လွှာမိတ္တူကို ပြန်ကြားအစီရင်ခံမည့်နေ့မတိုင်မီ လျှောက်ထားသူထံဖြစ်စေ၊ ၎င်း၏ တရားလွှတ်တော်ရှေ့နေထံဖြစ်စေ ပေးအပ်ပြီးဖြစ်ရမည်။

၆၁။ လျှောက်ထားခံရသူက ပြန်လှန်ကျမ်းကျိန်လွှာတင်သွင်းလျှင် လျှောက်ထားသူသည် ပြန်ကြားအစီရင်ခံရသည့်နေ့တွင်ဖြစ်စေ၊ ယင်းနေ့မတိုင်မီဖြစ်စေ ချေပရန်အတွက် ကျမ်းကျိန်လွှာတစ်ရပ် သို့မဟုတ် အများကို တင်သွင်းခွင့်ရှိသည်။ ယင်းသို့ တင်သွင်းသည့် ကျမ်းကျိန်လွှာမိတ္တူကို လျှောက်ထားခံရသူသို့ဖြစ်စေ၊ ၎င်း၏ တရားလွှတ်တော်ရှေ့နေသို့ဖြစ်စေ ပေးအပ်ခွင့်ရှိသည်။

၆၂။ လုံလောက်သောအကြောင်းပြ၍ လျှောက်ထားပါက ချေပကျမ်းကျိန်လွှာများ တင်သွင်းရန် အချိန်ကာလကို ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီးက တိုးမြှင့်ပေးနိုင်သည်။

၆၃။ လျှောက်ထားမှုကို အပြီးသတ်ကြားနာမည့် ပြည်ထောင်စုတရားလွှတ်တော်ချုပ်ခုံရုံး ဖွဲ့စည်းတာဝန် ပေးအပ်နိုင်ရန် ပြည်ထောင်စုတရားသူကြီးချုပ်ထံ တင်ပြရမည်။

၆၄။ ပြည်ထောင်စုတရားသူကြီးချုပ်သည် ၎င်းကိုယ်တိုင် သဘာပတိအဖြစ် ဆောင်ရွက်သည့် ပြည်ထောင်စု တရားလွှတ်တော်ချုပ်တရားသူကြီးတစ်ဦး သို့မဟုတ် တစ်ဦးထက်ပို၍ပါဝင်သော ပြည်ထောင်စုတရား လွှတ်တော်ချုပ်ခုံရုံး ဖွဲ့စည်းပြီး လျှောက်ထားမှုကို အပြီးသတ်ကြားနာရမည်။

၆၅။ (က) ပြန်ကြားအစီရင်ခံရမည့်နေ့ သို့မဟုတ် ကြားနာရန် ရွှေ့ဆိုင်းသည့် အခြားနေ့ရက်တွင် လျှောက်ထားချက်အပေါ် လျှောက်ထားခံရသူက အကြောင်းပြရန် လာရောက်ခဲ့လျှင် ပြည်ထောင်စုတရားလွှတ်တော်ချုပ်ခုံရုံးသည် ၎င်း၏လျှောက်လဲချက်ကို ဦးစွာကြားနာရမည်။ ၎င်းနောက် လျှောက်ထားသူ၏လျှောက်လဲချက်ကို ကြားနာရမည်။ တစ်ဖန် လျှောက်ထားခံရသူ၏ ပြန်လည်တင်ပြချက် (ရှိလျှင်) ကြားနာရမည်။ ထို့နောက် ပြည်ထောင်စုတရားလွှတ်တော်ချုပ်ခုံရုံးက ကနဦးဆုံးဖြတ်ချက်ကို အပြီးသတ်ဆုံးဖြတ်ချက်အဖြစ် အတည်ပြုနိုင်သည် သို့မဟုတ် ကနဦးဆုံးဖြတ်ချက်ကို ပယ်ဖျက်နိုင်သည်။

(ခ) လျှောက်ထားခံရသူက အကြောင်းတစ်စုံတစ်ရာမပြဆိုခဲ့လျှင် ကနဦးဆုံးဖြတ်ချက်မိတ္တူနှင့် ယင်းဆုံးဖြတ်ချက်အရ ချအပ်ဆင့်ဆိုသည့် စာမှတ်စာတမ်းမိတ္တူများကို ၎င်းအပေါ်၌ နည်းလမ်းတကျ ချအပ်ခဲ့ပြီးဖြစ်သည်ဟု ပြည်ထောင်စုတရားလွှတ်တော်ချုပ်ခုံရုံးက ကျေနပ်လျှင် အပြီးသတ်ဆုံးဖြတ်ချက်ချနိုင်သည်။

၆၆။ အမှုခေါ်စာချွန်တော်အမိန့်တွင် ၎င်းစာချွန်တော်အရ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ခုံရုံးသို့ တင်ပို့စေရမည့် အမိန့် သို့မဟုတ် အမှုတွဲ သို့မဟုတ် အခြားသောမှုခင်းများနှင့်စပ်လျဉ်းသည့် အကြောင်းအရာများကို သေချာကျနစွာဖော်ပြရမည်။ ဤကဲ့သို့ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ခုံရုံးရှေ့ တင်ပို့ရမည့် အမိန့် သို့မဟုတ် အမှုတွဲ သို့မဟုတ် အခြားမှုခင်းများကို ထိန်းသိမ်းထားသည့်ပုဂ္ဂိုလ်ထံသို့ အမှုခေါ် စာချွန်တော်အမိန့်ကို ချအပ်စေရမည်။ စာချွန်တော်အမိန့် တောင်းခံရန်အကြောင်း ပေါ်ပေါက်သည့် မူရင်းအမိန့် သို့မဟုတ် အမှုတွဲ သို့မဟုတ် မှုခင်းကို ပြည်ထောင်စုတရားလွှတ်တော်ချုပ်ခုံရုံးသို့ ချက်ချင်းတင်ပို့ရန် ၎င်းပုဂ္ဂိုလ်အား အမိန့်ပေးရမည်။

၆၇။ တားမြစ်စေစာချွန်တော်အမိန့်တွင် ၎င်းစာချွန်တော်အရ တားမြစ်ထားသော ပြုလုပ်မှု သို့မဟုတ် ဆောင်ရွက်မှုများနှင့်စပ်လျဉ်းသည့် အကြောင်းအရာများကို သေချာကျနစွာ ရေးသားဖော်ပြရမည်။ ၎င်းတားမြစ်စေစာချွန်တော်များကို စီရင်ပိုင်ခွင့်အာဏာ ကျော်လွန်၍သော်လည်းကောင်း၊ စီရင်ပိုင်ခွင့်အာဏာ မရှိဘဲနှင့်သော်လည်းကောင်း ပြုကျင့်သူပုဂ္ဂိုလ်ထံသို့ ချအပ်ရမည့်အပြင် ၎င်းအား ထိုပြုလုပ်မှုကို မပြုလုပ်ရန် ဖြစ်စေ၊ ထိုဆောင်ရွက်မှုကို ဆက်လက်မဆောင်ရွက်ရန်ဖြစ်စေ အမှုနှင့်လျော်ညီစွာ တားမြစ်ရမည်။

၆၈။ လျှောက်ထားမှုပြုလုပ်သည့် အမိန့်စာ သို့မဟုတ် အမှုတွဲ သို့မဟုတ် မှုခင်း သို့မဟုတ် ပြုမူချက်ကို ပြုလုပ်သည့်နေ့မှ တစ်နှစ်အတွင်း စာချွန်တော်လျှောက်ထားတောင်းဆိုခြင်းမပြုခဲ့လျှင် မည်သည့်အမှုခေါ် စာချွန်တော်ကိုသော်လည်းကောင်း၊ တားမြစ်စေစာချွန်တော်ကိုသော်လည်းကောင်း ထုတ်ပေးခြင်းမပြုရ။

## အခန်း (၅)

## အထွေထွေ

၆၉။ ယခင်ထုတ်ဆင့်ထားသည့် စာချွန်တော်အမိန့် လျှောက်ထားမှုများဆိုင်ရာနည်းဥပဒေများနှင့် လုပ်ထုံးလုပ်နည်းများကို ဤနည်းဥပဒေများဖြင့် ရုပ်သိမ်းလိုက်သည်။

ထွန်းထွန်းဦး
ပြည်ထောင်စုတရားသူကြီးချုပ်
ပြည်ထောင်စုတရားလွှတ်တော်ချုပ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

### အမိန့်ကြော်ငြာစာအမှတ် ၉/၂၀၁၃

နေပြည်တော်၊ ၁၃၇၄ ခုနှစ်၊ ပြာသိုလဆန်း ၁၂ ရက်

( ၂၀၁၃ ခုနှစ်၊ ဇန်နဝါရီလ ၂၃ ရက် )

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ၂၀၁၂ ခုနှစ်၊ ဇန်နဝါရီလ ၆ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၁/၂၀၁၂ ဖြင့် ဒုတိယညွှန်ကြားရေးမှူး လစာနှုန်း (၁၄၀,၀၀၀-၂,၀၀၀-၁၅၀,၀၀၀) ရာထူးနေရာများသို့ အစမ်းတိုးမြှင့်ခန့်ထားခဲ့သော အောက်ဖော်ပြပါ ဒုတိယညွှန်ကြားရေးမှူး (၂) ဦးတို့အား အစမ်းခန့်ကာလ (၁) နှစ်ပြည့်မြောက်သည့် ၂၀၁၃ ခုနှစ်၊ ဇန်နဝါရီလ ၅ ရက်နေ့ နံနက်ပိုင်းမှစ၍ အတည်ပြုခန့်ထားလိုက်သည် -

| စဉ် | အမည် | ဌာန |
|---|---|---|
| (၁) | ဒေါ်အေးမြင့် | ရွေးကောက်ပွဲဌာန |
| (၂) | ဒေါ်ရီရီမြ | ရွေးကောက်ပွဲခုံရုံးဌာန |

တင်အေး

ဥက္ကဋ္ဌ

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

### အမိန့်ကြော်ငြာစာအမှတ် ၁၁/၂၀၁၃

နေပြည်တော်၊ ၁၃၇၄ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁၃ ရက်

( ၂၀၁၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၈ ရက် )

### ဦးစီးအရာရှိရာထူး ခန့်ထားခြင်း

၁။ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ ဝန်ကြီးရုံး၏ ၂၀၁၃ ခုနှစ်၊ ဇန်နဝါရီလ ၁၇ ရက်နေ့စွဲပါ စာအမှတ် ၁/၁၉၀ (ဓ) (၆) (၁၇၉/၂၀၁၃) ဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံးသို့ ဌာနကူးပြောင်းတာဝန်ထမ်းဆောင်ခွင့်ပြုခဲ့သော လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီး မြေစာရင်းဦးစီးဌာနမှ လစာနှုန်း (၁၀၀,၀၀၀-၂,၀၀၀-၁၁၀,၀၀၀) ဦးစီးအရာရှိ ဦးတင်ဝင်းအား ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံးတွင် လစ်လပ်လျက်ရှိသော ဦးစီးအရာရှိ လစာနှုန်း (၁၀၀,၀၀၀-၂,၀၀၀-၁၁၀,၀၀၀) ရာထူးနေရာ၌ တာဝန်ဝတ္တရားများကို စတင်ထမ်းဆောင်သည့်နေ့မှစ၍ ခန့်ထားလိုက်သည်။

၂။ ဦးစီးအရာရှိ ဦးတင်ဝင်းအား လုပ်ငန်းလိုအပ်ချက်အရ ရန်ကုန်တိုင်းဒေသကြီးကော်မရှင်အဖွဲ့ခွဲရုံး၌ တွဲဖက်နေရာချထားလိုက်သည်။

တင်အေး

ဥက္ကဋ္ဌ

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ရခိုင်ပြည်နယ်လွှတ်တော်

## ၂၀၁၂-၂၀၁၃ ခု ဘဏ္ဍာရေးနှစ်၊ ရခိုင်ပြည်နယ်၏ နောက်ထပ်ဘဏ္ဍာငွေ ခွဲဝေသုံးစွဲရေးဥပဒေ

## ( ၂၀၁၂ ခုနှစ်၊ ပြည်နယ်လွှတ်တော်ဥပဒေအမှတ် ၄ )

၁၃၇၄ ခုနှစ်၊ နတ်တော်လဆန်း ၆ ရက်

( ၂၀၁၂ ခုနှစ်၊ ဒီဇင်ဘာလ ၁၉ ရက် )

ရခိုင်ပြည်နယ်လွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

**အခန်း (၁)**

**အမည်နှင့်အကျိုးသက်ရောက်သည့်ကာလ**

၁။ (က) ဤဥပဒေကို ၂၀၁၂-၂၀၁၃ ခု၊ ဘဏ္ဍာရေးနှစ်၊ ရခိုင်ပြည်နယ်၏ နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေးဥပဒေဟု ခေါ်တွင်စေရမည်၊

(ခ) ဤဥပဒေသည် ၂၀၁၂ -၂၀၁၃ ခု၊ ဘဏ္ဍာရေးနှစ်အတွက် အကျိုးသက်ရောက်စေရမည်။

**အခန်း (၂)**

**နောက်ထပ်အသုံးစရိတ်များကို ခွင့်ပြုလျာထားပေးခြင်းနှင့်စီမံခန့်ခွဲခြင်း**

၂။ (က) ပြည်နယ်စာရင်းစစ်ချုပ်၊ ပြည်နယ်အဆင့်ဦးစီးဌာနများ၊ ပြည်နယ်အဆင့်နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများနှင့်စပ်လျဉ်း၍ ဇယား(၁)၊ (၂)၊ (၃) တွင်ခွင့်ပြုထားသော သုံးငွေတို့အတွက် တာဝန်ပေးအပ်ခြင်းခံရသည့်ပုဂ္ဂိုလ်အသီးသီးသည် မိမိနှင့်ယှဉ်တွဲဖော်ပြထားသော သက်ဆိုင်ရာသုံးငွေများကို သုံးစွဲနိုင်သည်၊

(ခ) ပုဒ်မခွဲ (က) တွင် ခွင့်ပြုထားသည့် ဘဏ္ဍာငွေ ခွဲဝေသုံးစွဲခြင်းသည် ၂၀၁၂ ခုနှစ်၊ ရခိုင်ပြည်နယ်၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေအရ ခွင့်ပြုထားသည့် ဘဏ္ဍာငွေခွဲဝေသုံးစွဲခြင်းအပြင် နောက်ထပ်သုံးစွဲခြင်းဖြစ်သည်ဟု မှတ်ယူရမည်။

၃။ (က) ပုဒ်မ ၂ ပါ တာဝန်ပေးအပ်ခြင်းခံသည့်ပုဂ္ဂိုလ်အသီးသီးသည် မိမိအား တာဝန်ပေးအပ်သည့် သုံးငွေကို စီမံခန့်ခွဲရန် မိမိလက်အောက်ရှိ လုပ်ငန်းဆိုင်ရာပုဂ္ဂိုလ်အသီးသီးအား လွှဲအပ်ဆောင်ရွက်စေနိုင်သည်၊

(ခ) သုံးငွေကိုစီမံခန့်ခွဲရာတွင် ဤဥပဒေပါပြဋ္ဌာန်းချက်များ၊ ၂၀၁၂ ခုနှစ်၊ နိုင်ငံတော်၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေပါပြဋ္ဌာန်းချက်များ၊ သက်ဆိုင်ရာဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်များ၊ ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရမည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။

လှမောင်တင်
ဝန်ကြီးချုပ်
ရခိုင်ပြည်နယ်အစိုးရအဖွဲ့

## ပြည်နယ်စာရင်းစစ်ချုပ်

ဇယား (၁)
(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | ၂၀၁၂ ခုနှစ်၊ နိုင်ငံတော်၏ ဘဏ္ဍာငွေ အရအသုံးဆိုင်ရာ ဥပဒေပါ အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | နောက်ထပ်ခွင့်ပြုသည့်သုံးငွေ - သာမန်သုံးငွေ | အတိုးပေးငွေ | ထောက်ပံ့ငွေ | ငွေလုံးငွေရင်းသုံးငွေ | ကြွေးမြီ - ထုတ်ချေးငွေ | ကြွေးမြီ - ချေးယူရငွေအတွက် ပေးဆပ်ငွေ | အဖွဲ့အစည်းများတွင် ရင်းနှီးငွေ |
|---|---|---|---|---|---|---|---|---|---|---|
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ |
| ၁ | ၃ | စာရင်းရုံးများ | ပြည်နယ်စာရင်းစစ်ချုပ် သို့မဟုတ် ပြည်နယ်စာရင်းစစ်ချုပ်က တာဝန်ပေးသူ | ၇. ၂၆၉ | | | | | | |
| | | ပေါင်း | | ၇. ၂၆၉ | | | | | | |

ဇယား (၂)
(ကျပ်သန်းပေါင်း)

## ပြည်နယ်အဆင့်ဦးစီးဌာနများ

| အမှတ်စဉ် | ၂၀၁၂ ခုနှစ်၊ နိုင်ငံတော်၏ ဘဏ္ဍာငွေ အရအသုံးဆိုင်ရာ ဥပဒေပါ အမှတ်စဉ် | | အကြောင်းအရာ | တာဝန်ခံသူ | နောက်ထပ်ခွင့်ပြုသည့်သုံးငွေ: သာမန်သုံးငွေ | အတိုးပေးငွေ | ထောက်ပံ့ငွေ | ငွေလုံးငွေရင်းသုံးငွေ | ကြွေးမြီ: ထုတ်ချေးငွေ | ကြွေးမြီ: ချေးယူရငွေအတွက် ပေးဆပ်ငွေ | အဖွဲ့အစည်းများတွင် ရင်းနှီးငွေ |
|---|---|---|---|---|---|---|---|---|---|---|---|
| ၁ | ၂ | | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ |
| ၁ | ၁ | | **ပြည်ထဲရေး** | **ပြည်နယ်ဝန်ကြီးချုပ် သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်က တာဝန်ပေးသူ** | **၁၀၃၆.၈၆၆** | | | | | | |
| | | ၁ | အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | | ၁၀၂၉.၇၇၅ | | | | | | |
| | | ၂ | အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန | | ၇.၀၉၁ | | | | | | |
| ၂ | ၂ | | **လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်း** | **၎င်း** | **၆၇.၇၆၉** | | | | | | |
| | | ၁ | စိုက်ပျိုးရေးဦးစီးဌာန | | ၆၇.၇၆၉ | | | | | | |
| ၃ | ၅ | | **ဆောက်လုပ်ရေး** | **၎င်း** | **၇၇.၆၉၃** | | | | | | |
| | | ၁ | မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန | | ၇၇.၆၉၃ | | | | | | |
| ၄ | ၆ | | **မွေးမြူရေးနှင့်ရေလုပ်ငန်း** | **၎င်း** | **၂၂.၃၅၀** | | | | | | |
| | | ၁ | ငါးလုပ်ငန်းဦးစီးဌာန | | ၂၂.၃၅၀ | | | | | | |
| ၅ | ၈ | | **သမဝါယမ** | **၎င်း** | **၆၀.၃၉၆** | | | | | | |
| | | ၁ | သမဝါယမဦးစီးဌာန | | ၅၇.၆၁၄ | | | | | | |
| | | ၂ | အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန | | ၃.၇၈၂ | | | | | | |
| | | | ပေါင်း | | ၁၂၆၆.၄၇၄ | | | | | | |

ဇယား (၃)
(ကျပ်သန်းပေါင်း)

**ပြည်နယ်အဆင့်နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ**

| အမှတ်စဉ် | ၂၀၁၂ ခုနှစ်၊ နိုင်ငံတော်၏ ဘဏ္ဍာငွေ အရအသုံးဆိုင်ရာ ဥပဒေပါ အမှတ်စဉ် | | အကြောင်းအရာ | တာဝန်ခံသူ | နောက်ထပ်ခွင့်ပြုသည့်သုံးငွေ | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|
| | | | | | သာမန်သုံးငွေ | အတိုးပေးငွေ | ထောက်ပံ့ငွေ | ငွေလုံးငွေရင်းသုံးငွေ | ကြွေးမြီ – ထုတ်ချေးငွေ | ကြွေးမြီ – ချေးယူရငွေအတွက် ပေးဆပ်ငွေ | အဖွဲ့အစည်းများတွင် ရင်းနှီးငွေ |
| ၁ | ၂ | | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ |
| ၁ | ၁ | | **မြန်ကြားရေး** | **ပြည်နယ်ဝန်ကြီးချုပ် သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်က တာဝန်ပေးသူ** | **၀. ၇၇၉** | | | | | | |
| | | ၁ | မြန်မာ့ရုပ်ရှင်လုပ်ငန်း | | ၀. ၇၇၉ | | | | | | |
| ၂ | ၃ | | **သတ္တုတွင်း** | **၄င်း** | **၁. ၉၅၆** | | | | | | |
| | | ၁ | မြန်မာ့ဆားနှင့်အဏ္ဏဝါဓာတုဗေဒ ပစ္စည်းထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်း | | ၁. ၉၅၆ | | | | | | |
| | | | ပေါင်း | | ၂. ၇၃၅ | | | | | | |

မှတ်ပုံတင်အမှတ်—၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ပြန်တမ်း

| ရန်ကုန်မြို့ | ၁၃၇၄ ခုနှစ်၊ တပေါင်းလဆန်း ၄ ရက်<br>( ၂၀၁၃ ခုနှစ်၊ မတ်လ ၁၅ ရက် ) | သောကြာနေ့ |
| --- | --- | --- |

ဤအပိုင်းကို သီးခြားစုပေါင်း၍တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။

## အပိုင်း ၂

**စစ်ရာထူးခန့်ချုပ်ရုံး**
**(ကြည်းတပ်ဌာနခွဲ)**
၁၃၇၄ ခုနှစ်၊ နတ်တော်လဆန်း ၈ ရက်
( ၂၀၁၂ ခုနှစ်၊ ဒီဇင်ဘာလ ၂၁ ရက် )

အမှတ် ၁၆၂/၂၀၁၂ ။ ။ အောက်ဖော်ပြပါ တပ်မတော်ဆေးတက္ကသိုလ်၊ အမှတ်စဉ် (၁၄) ဗိုလ်လောင်းသင်တန်းမှ ဗိုလ်လောင်းများအား ဆေးဝန်ထမ်းတပ်ဖွဲ့တွင် ပြန်တမ်းဝင်အရာရှိ (ဒုတိယဗိုလ်) အဖြစ် ၂၀၁၂ ခုနှစ်၊ ဒီဇင်ဘာလ ၂၁ ရက်နေ့မှအစပြု၍ ခန့်အပ်လိုက်သည် -

**တပ်မတော် (ကြည်း)**

| | | |
| --- | --- | --- |
| (၁) ဇော်ဟိန်းထက် | ကြည်း | ၆၅၁၂၆ |
| (၂) မျိုးကိုကိုချစ် | ကြည်း | ၆၅၁၂၇ |
| (၃) ဝေလွင်ရှိန်း | ကြည်း | ၆၅၁၂၈ |
| (၄) သန့်စင်မျိုး | ကြည်း | ၆၅၁၂၉ |
| (၅) ကောင်းမြတ် | ကြည်း | ၆၅၁၃၀ |
| (၆) ဝေဟင်ကျော်လွင် | ကြည်း | ၆၅၁၃၁ |
| (၇) ခိုင်ထွေးမောင် | ကြည်း | ၆၅၁၃၂ |
| (၈) ဝေဖြိုးထူး | ကြည်း | ၆၅၁၃၃ |
| (၉) ကျော်လင်းပိုင် | ကြည်း | ၆၅၁၃၄ |
| (၁၀) မျိုးထက်အောင် | ကြည်း | ၆၅၁၃၅ |
| (၁၁) ထွန်းမင်းဝင်း | ကြည်း | ၆၅၁၃၆ |
| (၁၂) ကျော်စွာထူး | ကြည်း | ၆၅၁၃၇ |
| (၁၃) ထွန်းလင်းဇော် | ကြည်း | ၆၅၁၃၈ |
| (၁၄) ဝေလွင်ထူး | ကြည်း | ၆၅၁၃၉ |
| (၁၅) ချမ်းငြိမ်းလှိုင် | ကြည်း | ၆၅၁၄၀ |

| | | | |
|---|---|---|---|
| (၁၆) | ရဲနိုင်စိုး | ကြည်း | ၆၅၁၄၁ |
| (၁၇) | လူမော်ထွန်း | ကြည်း | ၆၅၁၄၂ |
| (၁၈) | ဇင်ဝိုင်း | ကြည်း | ၆၅၁၄၃ |
| (၁၉) | ဇော်မျိုးထွဋ် | ကြည်း | ၆၅၁၄၄ |
| (၂၀) | မျိုးမင်းသူ | ကြည်း | ၆၅၁၄၅ |
| (၂၁) | ဝေမင်းကို | ကြည်း | ၆၅၁၄၆ |
| (၂၂) | ထက်ဖုန်းမောင် | ကြည်း | ၆၅၁၄၇ |
| (၂၃) | သာဌေးစံ | ကြည်း | ၆၅၁၄၈ |
| (၂၄) | အောင်ဆန်းဦး | ကြည်း | ၆၅၁၄၉ |
| (၂၅) | ကျော်စိုးဝင်း | ကြည်း | ၆၅၁၅၀ |
| (၂၆) | မိုးမင်း | ကြည်း | ၆၅၁၅၁ |
| (၂၇) | ဉာဏ်လင်း | ကြည်း | ၆၅၁၅၂ |
| (၂၈) | ထက်ဝေယံ | ကြည်း | ၆၅၁၅၃ |
| (၂၉) | ဖြိုးဝေကျော် | ကြည်း | ၆၅၁၅၄ |
| (၃၀) | စည်သာထွန်း | ကြည်း | ၆၅၁၅၅ |
| (၃၁) | အောင်သူလင်း | ကြည်း | ၆၅၁၅၆ |
| (၃၂) | သာထက်နိုင် | ကြည်း | ၆၅၁၅၇ |
| (၃၃) | အောင်မိုးထွေး | ကြည်း | ၆၅၁၅၈ |
| (၃၄) | သက်မောင်မောင် | ကြည်း | ၆၅၁၅၉ |
| (၃၅) | မင်းသုတ | ကြည်း | ၆၅၁၆၀ |
| (၃၆) | ပြည့်ဖြိုးမောင် | ကြည်း | ၆၅၁၆၁ |
| (၃၇) | ဝေယံမင်း | ကြည်း | ၆၅၁၆၂ |
| (၃၈) | နေထွဋ် | ကြည်း | ၆၅၁၆၃ |
| (၃၉) | လှရွှေ | ကြည်း | ၆၅၁၆၄ |
| (၄၀) | အောင်ကိုမင်း | ကြည်း | ၆၅၁၆၅ |
| (၄၁) | ကျော်ခန့်ဝင်း | ကြည်း | ၆၅၁၆၆ |
| (၄၂) | ဇော်မျိုးထွဋ် | ကြည်း | ၆၅၁၆၇ |
| (၄၃) | သက်ပိုင်အောင် | ကြည်း | ၆၅၁၆၈ |
| (၄၄) | သုခဇော် | ကြည်း | ၆၅၁၆၉ |
| (၄၅) | ဟိန်းမင်းထွဋ် | ကြည်း | ၆၅၁၇၀ |
| (၄၆) | သက်ပိုင်ကျော် | ကြည်း | ၆၅၁၇၁ |
| (၄၇) | လှဘုန်းရောင် | ကြည်း | ၆၅၁၇၂ |
| (၄၈) | သက်ပိုင်ဇင် | ကြည်း | ၆၅၁၇၃ |
| (၄၉) | ကောင်းမြတ်စင် | ကြည်း | ၆၅၁၇၄ |
| (၅၀) | ဝေဖြိုးလွင် | ကြည်း | ၆၅၁၇၅ |
| (၅၁) | ဟိန်းမင်းသန့် | ကြည်း | ၆၅၁၇၆ |
| (၅၂) | နေထွန်းဦး | ကြည်း | ၆၅၁၇၇ |
| (၅၃) | ဝေတိုးသူ | ကြည်း | ၆၅၁၇၈ |
| (၅၄) | ရဲလင်းထွန်း | ကြည်း | ၆၅၁၇၉ |
| (၅၅) | သန့်ဇင်ဦး | ကြည်း | ၆၅၁၈၀ |

[ ဆက်လက်ဖော်ပြပါမည်။ ]

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ပြန်တမ်း

| ရန်ကုန်မြို့ | { ၁၃၇၄ ခုနှစ်၊ တပေါင်းလဆန်း ၄ ရက်<br>( ၂၀၁၃ ခုနှစ်၊ မတ်လ ၁၅ ရက် ) } | သောကြာနေ့ |
|---|---|---|

ဤအပိုင်းကို သီးခြားစုပေါင်း၍တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။


## အပိုင်း ၄

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုရာထူးဝန်အဖွဲ့**

**လျှောက်လွှာခေါ်ယူခြင်း**

**ကြော်ငြာစာအမှတ် ၁/၂၀၁၃**

၁၃၇၄ ခုနှစ်၊ တပို့တွဲလဆန်း ၉ ရက်

( ၂၀၁၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၉ ရက် )

၁။ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးတွင် လစ်လပ်လျက်ရှိသော အောက်ဖော်ပြပါရာထူးအတွက် လျှောက်လွှာတင်သွင်းနိုင်ပါသည် -

| ရာထူး | လစ်လပ် | ပညာအရည်အချင်း |
|---|---|---|
| စာရင်းစစ်အရာရှိ | ၁၅ နေရာ | လက်မှတ်ရပြည်သူ့စာရင်းကိုင်အောင်လက်မှတ် (CPA) |

၂။ လျှောက်ထားသူသည် -

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား ဖြစ်ရမည်၊

(ခ) ၂၀-၃-၂၀၁၃ နေ့တွင် အသက် ၃၅ နှစ် (ဝန်ထမ်းဖြစ်ပါက အသက် ၄၀ နှစ်) ထက် မကျော်လွန်သူ ဖြစ်ရမည်၊

(ဂ) ကိုယ်လက်အင်္ဂါ ပြည့်စုံသန်စွမ်းမှုရှိသူဖြစ်ရမည်၊ ကျန်းမာရေးကောင်းမွန်ပြီး ဝေးလံဒေသများတွင် သွားရောက်တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။

၃။ လျှောက်လွှာကို ပြည်ထောင်စုရာထူးဝန်အဖွဲ့ရုံး၊ ရုံးအမှတ် (၁၇) နေပြည်တော် (သို့မဟုတ်) သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့ရုံးများ၌ ဝယ်ယူလျှောက်ထားနိုင်ပြီး ၂၀-၃-၂၀၁၃ နေ့ အရောက် လူကိုယ်တိုင် (သို့မဟုတ်) စာတိုက်မှတစ်ဆင့် နေပြည်တော် (သို့မဟုတ်) သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့ရုံးတို့ထံ ပေးပို့လျှောက်ထားရမည်။ **လျှောက်ထားရာတွင် မိမိတို့**

**အမှန်တကယ် ရေးဖြေစာမေးပွဲဖြေဆိုမည့် နေပြည်တော် (သို့မဟုတ်) သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ် စာစစ်ဌာနကို တိတိကျကျဖော်ပြလျှောက်ထားရမည်ဖြစ်ပြီး အဆိုပါစာစစ်ဌာန၌သာ ရေးဖြေစာမေးပွဲကို ဖြေဆိုခွင့်ပြုမည်ဖြစ်ပါသည်။ လျှောက်လွှာပိတ်ရက်ထက် ကျော်လွန်ပေးပို့လာသော လျှောက်လွှာများကို လက်ခံမည်မဟုတ်ပါ။**

၄။ လျှောက်လွှာတွင် ဖော်ပြရမည့်အချက်များ၊ ပူးတွဲပါရှိရမည့် စာရွက်စာတမ်းများ၊ ဝင်ကြေးငွေ ၅၀ဝိ/- ပေးသွင်းရမည့်နည်းလမ်း၊ ရေးဖြေ၊ နှုတ်ဖြေစစ်ဆေးမှုအတွက် လေ့လာရန် လိုအပ်ချက်များနှင့်စပ်လျဉ်း၍ ဤအဖွဲ့၏ ၁-၁၀-၂၀၁၂ ရက်စွဲပါ စာအမှတ်၊ ၉၅၀/ရွေးချယ်ရေး (အမိက)/၂၀၁၂ ဖြင့် ထုတ်ပြန်ထားသော **ပြည်ထောင်စုရာထူးဝန်အဖွဲ့က ကြော်ငြာခေါ်ယူသောရာထူးများအတွက် လျှောက်လွှာတင်သွင်းသူများ လိုက်နာရန် လမ်းညွှန်ချက်စာစောင်ပါ** သတ်မှတ်ချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရန်ဖြစ်သည်။

၅။ **ဝန်ထမ်းများသည်** မူရင်းလျှောက်လွှာတစ်စောင်ကို မိမိတာဝန်ထမ်းဆောင်သည့် ဌာနအကြီးအကဲမှ တစ်ဆင့် သက်ဆိုင်ရာဝန်ကြီးဌာန၏ခွင့်ပြုချက်ရယူပြီး ပြည်ထောင်စုရာထူးဝန်အဖွဲ့ရုံး၊ ရုံးအမှတ် (၁၇) နေပြည်တော်သို့ ပေးပို့ရမည်။ ကြိုတင်လျှောက်လွှာတစ်စောင်ကို ဓာတ်ပုံအပိုတစ်ပုံနှင့်အတူ ပြည်ထောင်စု ရာထူးဝန်အဖွဲ့သို့ဖြစ်စေ၊ မိမိ စာမေးပွဲဖြေဆိုမည့် တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့ရုံးသို့ဖြစ်စေ ၂၀-၃-၂၀၁၃ နေ့ အရောက်ပေးပို့ရမည်။

၆။ ရေးဖြေစာမေးပွဲကို **နေပြည်တော်နှင့် တိုင်းဒေသကြီး/ပြည်နယ်စာစစ်ဌာနများတွင်** ကျင်းပမည်။ ၂၆-၁၀-၂၀၁၃ ရက် (စနေနေ့) တွင် မြန်မာစာနှင့် အထွေထွေဗဟုသုတဘာသာများကိုလည်းကောင်း၊ ၂၇-၁၀-၂၀၁၃ ရက် (တနင်္ဂနွေနေ့) တွင် အင်္ဂလိပ်စာဘာသာကိုလည်းကောင်း ဖြေဆိုရမည်။

၇။ စာမေးပွဲဖြေဆိုခွင့်ကတ်ပြားများကို ၂၄-၁၀-၂၀၁၃ ရက်နေ့မှစ၍ နေပြည်တော်နှင့် သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့ရုံးများတွင် ထုတ်ပေးမည်။

၈။ ကြော်ငြာပါရာထူးတွင် တာဝန်ထမ်းဆောင်ခြင်းနှင့်စပ်လျဉ်း၍ **ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၏ သီးခြားစည်းကမ်းချက်များရှိပါသဖြင့်** "ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၊ ရုံးအမှတ် (၁၂)၊ နေပြည်တော် (တယ်လီဖုန်းအမှတ်၊ ၀၆၇-၄၀၇၃၂၆)" သို့ လူကိုယ်တိုင်ဖြစ်စေ၊ တယ်လီဖုန်းဖြင့်ဖြစ်စေ ဆက်သွယ်စုံစမ်း မေးမြန်းနိုင်ပါသည်။

၉။ အခြားစုံစမ်းမေးမြန်းလိုချက်ရှိပါက ပြည်ထောင်စုရာထူးဝန်အဖွဲ့ရုံး၊ ရုံးအမှတ် (၁၇) နေပြည်တော် (တယ်လီဖုန်းအမှတ် ၀၆၇-၄၀၉၀၅၂ နှင့် ၀၆၇-၄၀၉၄၃၀) (သို့မဟုတ်) သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ် အစိုးရအဖွဲ့ရုံးများသို့ လူကိုယ်တိုင်ဖြစ်စေ၊ တယ်လီဖုန်းဖြင့်ဖြစ်စေ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

၁၀။ ဤကြော်ငြာနှင့် လျှောက်လွှာတင်သွင်းသူများ လိုက်နာရန် လမ်းညွှန်ချက်စာစောင်ကို ပြည်ထောင်စု ရာထူးဝန်အဖွဲ့၏ Website များဖြစ်သော ucsb.imis.com.mm နှင့် www.ucsb.gov.mm တွင်လည်း ဖော်ပြထားပါသည်။

(ပုံ) ဝေမြင့်၊
ညွှန်ကြားရေးမှူးချုပ်၊
ပြည်ထောင်စုရာထူးဝန်အဖွဲ့ရုံး။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုရာထူးဝန်အဖွဲ့

## လျှောက်လွှာခေါ်ယူခြင်း

## ကြော်ငြာစာအမှတ် ၉/၂၀၁၃

၁၃၇၄ ခုနှစ်၊ တပို့တွဲလဆန်း ၉ ရက်

( ၂၀၁၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၉ ရက် )

၁။ ပညာရေးဝန်ကြီးဌာန၊ အဆင့်မြင့်ပညာဦးစီးဌာန (အောက်မြန်မာပြည်) နှင့် အဆင့်မြင့်ပညာဦးစီးဌာန (အထက်မြန်မာပြည်) အောက်ရှိ တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်တို့တွင် လစ်လပ်လျက်ရှိသော အောက်ဖော်ပြပါ ရာထူးများအတွက် လျှောက်လွှာများ တင်သွင်းနိုင်ပါသည် -

(က)

| စဉ် | ဌာန | ရာထူး | လစ်လပ် | ပညာအရည်အချင်း |
|---|---|---|---|---|
| (၁) | အဆင့်မြင့်ပညာ ဦးစီးဌာန (အောက်မြန်မာပြည်) | ဌာနစုမှူး (စီမံ) | ၈ နေရာ | တက္ကသိုလ်တစ်ခုခုမှဘွဲ့ |
| | | ဌာနစုမှူး (ဘဏ္ဍာ) | ၄ နေရာ | ဝါဏိဇ္ဇဘွဲ့/ဝါဏိဇ္ဇ (ဂုဏ်ထူး) ဘွဲ့/ စီးပွားရေးပညာဘွဲ့ (စာရင်းအင်း)/ စီးပွားရေးပညာ (ဂုဏ်ထူး) ဘွဲ့ (စာရင်းအင်း)/စီးပွားရေး လုပ်ငန်းစီမံခန့်ခွဲမှုဘွဲ့/စီးပွားရေး လုပ်ငန်းစီမံခန့်ခွဲမှု (ဂုဏ်ထူး) ဘွဲ့/ စာရင်းကိုင်ပညာဘွဲ့/စာရင်းကိုင် ပညာ (ဂုဏ်ထူး) ဘွဲ့/စီးပွားရေး လုပ်ငန်းသုံးစီမံခန့်ခွဲမှုပညာဘွဲ့ |
| | | လက်ထောက် မော်ကွန်းထိန်း/ မော်ကွန်းထိန်း-၂ | ၈ နေရာ | တက္ကသိုလ်တစ်ခုခုမှမဟာဘွဲ့ |
| | | လက်ထောက် အင်ဂျင်နီယာ | ၁၅ နေရာ | မြို့ပြအင်ဂျင်နီယာဘွဲ့/ အီလက်ထရွန်နစ်အင်ဂျင်နီယာဘွဲ့/ လျှပ်စစ်စွမ်းအားအင်ဂျင်နီယာဘွဲ့ |
| (၂) | အဆင့်မြင့်ပညာ ဦးစီးဌာန (အထက်မြန်မာပြည်) | ဌာနစုမှူး (စီမံ) | ၇ နေရာ | တက္ကသိုလ်တစ်ခုခုမှဘွဲ့ |
| | | လက်ထောက် မော်ကွန်းထိန်း/ မော်ကွန်းထိန်း-၂ | ၇ နေရာ | တက္ကသိုလ်တစ်ခုခုမှမဟာဘွဲ့ |
| | | လက်ထောက် အင်ဂျင်နီယာ | ၁၅ နေရာ | မြို့ပြအင်ဂျင်နီယာဘွဲ့/ အီလက်ထရွန်နစ်အင်ဂျင်နီယာဘွဲ့/ လျှပ်စစ်စွမ်းအားအင်ဂျင်နီယာဘွဲ့ |

၂။ လျှောက်ထားသူသည် -

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား ဖြစ်ရမည်၊

(ခ) ၂၀-၃-၂၀၁၃ နေ့တွင် အသက် ၃၅ နှစ် (ဝန်ထမ်းဖြစ်ပါက အသက် ၄၀ နှစ်) ထက် မကျော်လွန်သူ ဖြစ်ရမည်၊

(ဂ) ကျန်းမာရေးကောင်းမွန်ပြီး ကိုယ်လက်အင်္ဂါ ပြည့်စုံသန်စွမ်းမှုရှိသူဖြစ်ရမည်၊ နေရာဒေသမရွေး သွားရောက်တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။

၃။ လျှောက်လွှာကို ပြည်ထောင်စုရာထူးဝန်အဖွဲ့ရုံး၊ ရုံးအမှတ် (၁၇) နေပြည်တော် (သို့မဟုတ်) သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့ရုံးများ၌ ဝယ်ယူလျှောက်ထားနိုင်ပြီး ၂၀-၃-၂၀၁၃ နေ့ အရောက် လူကိုယ်တိုင် (သို့မဟုတ်) စာတိုက်မှတစ်ဆင့် နေပြည်တော် (သို့မဟုတ်) သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့ရုံးတို့ထံ ပေးပို့လျှောက်ထားရမည်။ **လျှောက်ထားရာတွင် မိမိတို့ အမှန်တကယ် ရေးဖြေစာမေးပွဲဖြေဆိုမည့် နေပြည်တော် (သို့မဟုတ်) သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ် စာစစ်ဌာနကို တိတိကျကျဖော်ပြလျှောက်ထားရမည်ဖြစ်ပြီး အဆိုပါစာစစ်ဌာန၌သာ ရေးဖြေစာမေးပွဲကို ဖြေဆိုခွင့်ပြုမည်ဖြစ်ပါသည်။ လျှောက်လွှာပိတ်ရက်ထက် ကျော်လွန်ပေးပို့လာသော လျှောက်လွှာများကို လက်ခံမည်မဟုတ်ပါ။**

၄။ ရာထူးတစ်မျိုးထက်ပို၍ လျှောက်လွှာတင်သွင်းလိုပါက ရာထူးတစ်မျိုးစီအတွက် ဝင်ကြေးငွေ ၅၀၀/- ကို သီးခြားပေးသွင်းပြီး ရာထူးအလိုက် လျှောက်လွှာတစ်စောင်စီ သီးခြားတင်သွင်းရမည်။

၅။ လျှောက်လွှာတွင် ဖော်ပြရမည့်အချက်များ၊ ပူးတွဲပါရှိရမည့် စာရွက်စာတမ်းများ၊ ဝင်ကြေးငွေ ၅၀၀/- ပေးသွင်းရမည့်နည်းလမ်း၊ ရေးဖြေ၊ နှုတ်ဖြေစစ်ဆေးမှုအတွက် လေ့လာရန် လိုအပ်ချက်များနှင့်စပ်လျဉ်း၍ ဤအဖွဲ့၏ ၁-၁၀-၂၀၁၂ ရက်စွဲပါ စာအမှတ်၊ ၉၅၀/ရွေးချယ်ရေး (အဓိက)/၂၀၁၂ ဖြင့် ထုတ်ပြန်ထားသော **ပြည်ထောင်စုရာထူးဝန်အဖွဲ့က ကြော်ငြာခေါ်ယူသောရာထူးများအတွက် လျှောက်လွှာတင်သွင်းသူများ လိုက်နာရန် လမ်းညွှန်ချက်စာစောင်ပါ** သတ်မှတ်ချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရန်ဖြစ်သည်။

၆။ ဝန်ထမ်းများသည် မူရင်းလျှောက်လွှာတစ်စောင်ကို မိမိတာဝန်ထမ်းဆောင်သည့် ဌာနအကြီးအကဲမှ တစ်ဆင့် သက်ဆိုင်ရာဝန်ကြီးဌာန၏ခွင့်ပြုချက်ရယူပြီး ပြည်ထောင်စုရာထူးဝန်အဖွဲ့ရုံး၊ ရုံးအမှတ် (၁၇) နေပြည်တော်သို့ ပေးပို့ရမည်။ ကြိုတင်လျှောက်လွှာတစ်စောင်ကို ဓာတ်ပုံအပိုတစ်ပုံနှင့်အတူ ပြည်ထောင်စု ရာထူးဝန်အဖွဲ့သို့ဖြစ်စေ၊ မိမိ စာမေးပွဲဖြေဆိုမည့် တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့ရုံးသို့ဖြစ်စေ ၂၀-၃-၂၀၁၃ ရက်နေ့ အရောက်ပေးပို့ရမည်။

၇။ ရေးဖြေစာမေးပွဲကို **နေပြည်တော်နှင့် တိုင်းဒေသကြီး/ပြည်နယ်စာစစ်ဌာနများတွင်** ကျင်းပမည်။ ၂၆-၁၀-၂၀၁၃ ရက် (စနေနေ့) တွင် မြန်မာစာနှင့် အထွေထွေဗဟုသုတဘာသာများကိုလည်းကောင်း၊ ၂၇-၁၀-၂၀၁၃ ရက် (တနင်္ဂနွေနေ့) တွင် အင်္ဂလိပ်စာဘာသာကိုလည်းကောင်း ဖြေဆိုရမည်။

၈။ စာမေးပွဲဖြေဆိုခွင့်ကတ်ပြားများကို ၂၄-၁၀-၂၀၁၃ ရက်နေ့မှစ၍ နေပြည်တော်နှင့် သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့ရုံးများတွင် ထုတ်ပေးမည်။

၉။ အခြားစုံစမ်းမေးမြန်းလိုချက်ရှိပါက ပြည်ထောင်စုရာထူးဝန်အဖွဲ့ရုံး၊ ရုံးအမှတ် (၁၇) နေပြည်တော် (တယ်လီဖုန်းအမှတ် ၀၆၇-၄၀၉၀၅၂ နှင့် ၀၆၇-၄၀၉၄၃၀) (သို့မဟုတ်) သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ် အစိုးရအဖွဲ့ရုံးများသို့ လူကိုယ်တိုင်ဖြစ်စေ၊ တယ်လီဖုန်းဖြင့်ဖြစ်စေ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

၁၀။ ဤကြော်ငြာနှင့် လျှောက်လွှာတင်သွင်းသူများ လိုက်နာရန် လမ်းညွှန်ချက်စာစောင်ကို ပြည်ထောင်စု ရာထူးဝန်အဖွဲ့၏ Website များဖြစ်သော ucsb.imis.com.mm နှင့် www.ucsb.gov.mm တွင်လည်း ဖော်ပြထားပါသည်။

(ပုံ) ဝေမြင့်၊
ညွှန်ကြားရေးမှူးချုပ်၊
ပြည်ထောင်စုရာထူးဝန်အဖွဲ့ရုံး။

## သီတဂူ ရောင်းဝယ်ရေးကုမ္ပဏီလီမိတက်
## THITAGU TRADING CO., LTD

အစုရှင်များ၏ဆန္ဒအရ စာရင်းရှင်းလင်းဖျက်သိမ်းခြင်း

၂၀၁၃ ခုနှစ်၊ မတ်လ (၁၄) ရက်နေ့တွင် ကုမ္ပဏီရုံးခန်း၌ ကျင်းပပြုလုပ်သော အဖွဲ့ဝင်များ၏ အထူးအစည်းအဝေးဆုံးဖြတ်ချက်အရ **သီတဂူ ရောင်းဝယ်ရေးကုမ္ပဏီလီမိတက် (THITAGU TRADING CO., LTD)** အား (၁၄-၃-၂၀၁၃) ရက်နေ့မှစ၍ စာရင်းရှင်းလင်းဖျက်သိမ်းရန် ဆုံးဖြတ်ခဲ့ပြီးဖြစ်ပါသည်။ ယင်းသို့ စာရင်းရှင်းလင်းဖျက်သိမ်းရာတွင် ဒေါ်တင်တင်ကျော် **[B.Com (Q), C.P.A]** အား စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ခန့်အပ်လိုက်ပါသည်။

ကုမ္ပဏီမှ ရရန်နှင့်ပေးရန်ရှိသည်များကို ၂၀၁၃ ခုနှစ်၊ ဧပြီလ (၂၃) ရက်နေ့ကို နောက်ဆုံးထား၍ ဖော်ပြပါ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံ တောင်းခံခြင်းများနှင့် ပေးသွင်းခြင်းများ ပြုလုပ်နိုင်ကြောင်း ကြေညာအပ်ပါသည်။

ဦးညီညီ
မန်နေးဂျင်းဒါရိုက်တာ
သီတဂူ ရောင်းဝယ်ရေးကုမ္ပဏီလီမိတက်

ဒေါ်တင်တင်ကျော် [B.Com (Q), C.P.A]
Daw Tin Tin Kyaw & Group Audit Firm
အမှတ် (၄၅၀)၊ ၄ လွှာ၊ ကမ်းနားလမ်း၊
ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။

## သံလွင်တောင်တန်း သွင်းကုန်ထုတ်ကုန်ကုမ္ပဏီလီမိတက်
## THAN LWIN TAUNG TAN IMPORT & EXPORT CO., LTD

အစုရှင်များ၏ဆန္ဒအရ စာရင်းရှင်းလင်းဖျက်သိမ်းခြင်း

၂၀၁၃ ခုနှစ်၊ မတ်လ (၁၄) ရက်နေ့တွင် ကုမ္ပဏီရုံးခန်း၌ ကျင်းပပြုလုပ်သော အဖွဲ့ဝင်များ၏ အထူးအစည်းအဝေးဆုံးဖြတ်ချက်အရ **သံလွင်တောင်တန်း သွင်းကုန်ထုတ်ကုန်ကုမ္ပဏီလီမိတက် (THAN LWIN TAUNG TAN IMPORT & EXPORT CO., LTD)** အား (၁၄-၃-၂၀၁၃) ရက်နေ့မှစ၍ စာရင်းရှင်းလင်းဖျက်သိမ်းရန် ဆုံးဖြတ်ခဲ့ပြီးဖြစ်ပါသည်။ ယင်းသို့ စာရင်းရှင်းလင်းဖျက်သိမ်းရာတွင် ဒေါ်တင်တင်ကျော် **[B.Com (Q), C.P.A]** အား စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ခန့်အပ်လိုက်ပါသည်။

ကုမ္ပဏီမှ ရရန်နှင့်ပေးရန်ရှိသည်များကို ၂၀၁၃ ခုနှစ်၊ ဧပြီလ (၂၃) ရက်နေ့ကို နောက်ဆုံးထား၍ ဖော်ပြပါ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံ တောင်းခံခြင်းများနှင့် ပေးသွင်းခြင်းများ ပြုလုပ်နိုင်ကြောင်း ကြေညာအပ်ပါသည်။

ဦးအိုက်ဆန်
မန်နေးဂျင်းဒါရိုက်တာ
သံလွင်တောင်တန်း သွင်းကုန်ထုတ်ကုန်ကုမ္ပဏီလီမိတက်

ဒေါ်တင်တင်ကျော် [B.Com (Q), C.P.A]
Daw Tin Tin Kyaw & Group Audit Firm
အမှတ် (၄၅၀)၊ ၄ လွှာ၊ ကမ်းနားလမ်း၊
ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။

## ဝမ်းသာ ကုမ္ပဏီလီမိတက်

## WANTHAR COMPANY LIMITED.

အစုရှင်များ၏ဆန္ဒအရ စာရင်းရှင်းလင်းဖျက်သိမ်းခြင်း

၂၀၁၃ ခုနှစ်၊ မတ်လ (၁၂) ရက်နေ့တွင် ကုမ္ပဏီရုံးခန်း၌ ကျင်းပပြုလုပ်သော အဖွဲ့ဝင်များ၏ အထူးအစည်းအဝေးဆုံးဖြတ်ချက်အရ **ဝမ်းသာ ကုမ္ပဏီလီမိတက် (WANTHAR COMPANY LIMITED.)** အား (၁၂-၃-၂၀၁၃) ရက်နေ့မှစ၍ စာရင်းရှင်းလင်းဖျက်သိမ်းရန် ဆုံးဖြတ်ခဲ့ပြီးဖြစ်ပါသည်။ ယင်းသို့ စာရင်းရှင်းလင်းဖျက်သိမ်းရာတွင် ဦးအီနုစ် (တရားလွှတ်တော်ရှေ့နေ) အား စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ်လည်းကောင်း၊ ဒေါ်မိုးမိုးအေး **(B.Com, Dip I.F.R, Diploma in Business Law)** အား တွဲဖက်စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ်လည်းကောင်း ခန့်အပ်လိုက်ပါသည်။

ကုမ္ပဏီမှ ရရန်နှင့်ပေးရန်ရှိသည်များကို ၂၀၁၃ ခုနှစ်၊ ဧပြီ (၁၅) ရက်နေ့ကို နောက်ဆုံးထား၍ ဖော်ပြပါ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံ တောင်းခံခြင်းများနှင့် ပေးသွင်းခြင်းများ ပြုလုပ်နိုင်ကြောင်း ကြေညာအပ်ပါသည်။

ဦးဇော်ထွန်းအောင်
Managing Director
Wanthar Company Limited.

ဦးအီနုစ် (တရားလွှတ်တော်ရှေ့နေ)
YE NOOS & ASSOCIATES (Law Firm)
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ
အမှတ်-၁၇၆ (ပထမထပ်)၊ ဗိုလ်တထောင်ဘုရားလမ်း၊
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၂၉၆၁၃၂၊ ၃၉၇၂၃၄၊ ၃၉၇၂၃၅။

ပ၊ စ၊ လ - အမှတ် ၆၆၅/၁၂/ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်း/စောင်ရေ - ၂၄၀၀/၁၅-၃-၂၀၁၃။